# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ပြည်မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၂၇၆/၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှု များပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
(၁) ဇမ္ဗူသီရိမြို့နယ်၊
(၂) ပျဉ်းမနားမြို့နယ်၊

*စာမျက်နှာ ၄ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဆွစ်ဇာလန်နိုင်ငံ)** ဆောင်းပါး စာ ၆

**သမိုင်းသင်ခန်းစာများမှ တစ်ဆင့် ...** ဆောင်းပါး စာ ၁၀

**ဘောလုံးပွဲကြည့်ပရိသတ်များ တာဝန်သိကြရန် ဗြိတိန်ဝန်ကြီးချုပ် တိုက်တွန်း** နိုင်ငံတကာသတင်း စာ ၁၂

## မွန်တို့ဌာနေ ရာမညမြေ၌ လမ်းတံတားများက ပန်းပမာ ပွင့်ခဲ့ပြီ



သံလွင်တံတား(မော်လမြိုင်)ကို တွေ့ရစဉ်။ *(သတင်းဆောင်းပါး၊ စာမျက်နှာ - ၁၇)*

# ငြိမ်းချမ်းသာယာသည့်တိုင်းပြည် ညီညွတ်သည့်လူ့အဖွဲ့အစည်း

ငြိမ်းချမ်းသာယာသည့် တိုင်းပြည်ကို အလိုရှိပါသည်ဟု လူတိုင်းက ဆိုကြလိမ့်မည်။ နေဝင်မီးငြိမ်း အထိတ်ထိတ် အလန့်လန့်နဲ့ သူ့ကို ကိုယ်မယုံ၊ ကိုယ့်ကို သူမယုံရသည့် အခြေအနေမျိုး၊ ခြံတံခါး အိမ်တံခါး အထပ်ထပ်ကို သော့ခတ်၍လုံအောင်ပိတ်ကာ ပျော်ရွှင်မှုတို့ ဆိတ်သုဉ်းနေရသည့် အချိန်အခါမျိုးကို မည်သူမျှ လိုလားကြမည်လည်း မဟုတ်။ သို့ဆိုလျှင် ငြိမ်းချမ်းသာယာသည့် တိုင်းပြည်ကို တညီတညွတ်တည်း တည်ဆောက်ကြရန် လိုအပ်လာသည်။ တစ်ယောက်တစ်လက်၊ တစ်တပ်တစ်အား လူတိုင်းပါဝင်၍ အားလုံးဝိုင်းဝန်း တည်ဆောက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပြီး အကွဲကွဲအပြားပြား အနီးနီး အဖုံဖုံ ကိုယ့်အတွေးနှင့်ကိုယ် တည်ဆောက်နေကြ၍မူ အောင်မြင်နိုင်မည်မဟုတ်။

ငြိမ်းချမ်းသည့် တိုင်းပြည်ဟူသည် "ခေမဋ္ဌိတာ ဇနပဒါ" ဒေသအားလုံး ငြိမ်းချမ်းရေး အခိုင်အမာရရှိထားခြင်း၊ "အကဏ္ဍကာ" သူပုန်သူကန် ရန်ငြိုးရန်ညှော်ကင်းခြင်း၊ "အနုပ္ပီဠာ" ညှဉ်းဆဲနှိပ်စက် ဖမ်းဆီးသတ်ဖြတ်မှုတို့ ကင်းခြင်း၊ "မနုဿာ မုဒါ မောဒမာနာ" ပြည်သူများ ဝမ်းပန်းတသာပျော်ရွှင်နေကြခြင်း၊ "ဥရေ ပုတ္တေ နစ္စေန္တာ" မိဘတို့၏ ရင်ဘတ်ပေါ်တွင် သားငယ်သမီးငယ်တို့ ပျော်မြူးလျက် (သာယာဝပြောမှုကို ဖော်ကျူး) နေခြင်း၊ "အပါရုတ ဃရာ" အိမ်တိုင်းအိမ်တိုင်းတွင် တံခါးတို့ကို ဖွင့်ထားခြင်း (သော့ခတ်မထား၊ ပိတ်မထားဘဲ သူခိုးသူဝှက်တို့ ကင်းဝေး၍ လုံခြုံစိတ်ချစွာ နေထိုင်ကြရခြင်း) စသည်တို့နှင့် ပြည့်စုံသည့် တိုင်းပြည်ဖြစ်ကြောင်း ကူဋဒန္တသုတ်တွင် ပြဆိုထားသည်။

စင်စစ်ငြိမ်းချမ်းသည့် တိုင်းပြည်ဟူသည် ညီညွတ်သော လူ့အဖွဲ့အစည်းရှိမှသာ ဖြစ်ပေါ်လာနိုင်ခြင်းဖြစ်သည်။ ညီညွတ်သည့် လူ့အဖွဲ့အစည်းဟူသည် "သမဂ္ဂါ" အတူသွား၊ အတူနေ၊ အတူလုပ်ညီညွတ်ကြသည်။ "သမ္မောဒမာနာ" စည်းလုံးကြသည်။ ပေါင်းစည်းကြသည်။ "အဝိဝါဒမာနာ" အငြင်းအခုံတို့ ကင်းရှင်းကြသည်။ "ခီရောဒကီဘူတာ" ကွဲပြားခြားနားမှုတို့ မပေါ်ပေါက်၊ " အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ" တစ်ဦးနှင့်တစ်ဦး ချစ်သောမျက်စိဖြင့် ကြည့်ကြသည်ဟု ပိဋကတ်တော်၌ လာရှိသည်။

မညီညွတ်သည့် လူ့အဖွဲ့အစည်းတစ်ခု ညီညွတ်ရေး ပျက်ပြားသည့်အခြေအနေတွင် "ဘဏ္ဍနဇာတာ" ငြင်းခုံကြခြင်း၊ "ကလဟဇာတာ" ခိုက်ရန် ဖြစ်ပွားကြခြင်း၊ "ဝိဝါဒပန္နာ" အယူဝါဒတို့ မတူကွဲပြားကြခြင်း၊ "အညမညံ မုခ သတ္တီဟိ ဝိတုဒန္တာ" တစ်ဦးနှင့်တစ်ဦး နှုတ်လှံထိုးကာ အထင်သေး၊ နာကြည်းစေသည့်စကားမျိုး ပြောဆိုကြခြင်းတို့ ဖြစ်ပေါ်လာကြသည်။

မျက်မှောက်ခေတ်သည် ဒီမိုကရေစီခေတ်ဖြစ်သည်။ ဒီမိုကရေစီခေတ်ဖြစ်သည့်အလျောက် မတူကွဲပြားမှုများကို နားလည်လက်ခံကြရပြီး ညီညွတ်မှုကို ရယူတည်ဆောက်ကြရသည်။ မိမိတို့နှင့် အတွေးမတူ၊ အယူဝါဒမတူ၊ ယုံကြည်ချက်၊ မျှော်မှန်းချက်တို့မတူခြင်းကို ရန်ဘက်အဖြစ် ရှုမြင်၍ မရဘဲ အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ဖြင့် မိမိနိုင်ငံ၊ မိမိ လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာမှုကို ကျရာတာဝန်ထမ်းဆောင်ရင်း တည်ဆောက်ကြရမည်သာဖြစ်သည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။ ။

## အသိပေးကြေညာချက်

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပပြုလုပ်မည့် ၁၉-၇-၂၀၂၂ ရက် (တနင်္လာနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား အများပြည်သူဖူးမြော်ကြည်ညို ခွင့်ကို ယာယီ(၁)ရက် ပိတ်ထားမည်ဖြစ်ပါကြောင်းနှင့် ၂၀-၇-၂၀၂၂ ရက်နေ့မှစ၍ ယခင်အစီအစဉ်အတိုင်း ဖူးမြော်ခွင့် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိနိုင်စေရန် အသိပေးကြေညာအပ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကျိုက်မရောမြို့ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ စပါးစိုက်ခင်း ကြည့်ရှုစစ်ဆေး



**ကျိုက်မရော ဇူလိုင် ၆**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများသည် ဇူလိုင် ၅ ရက် မွန်းလွဲ ၃ နာရီက ကျိုက်မရောမြို့နယ် လက်ပံကျေးရွာ ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ စပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အဆိုပါ ကျိုက်မရောမြို့နယ် လက်ပံကျေးရွာ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ စပါးစိုက်ခင်းတွင် တောင်သူ ၈၂ ဦးတို့က လျာထားစိုက်ဧက ၃၀၀ မှ မိုးစပါး စိုက်ပျိုးဧက ၂၄၇ ဧက၊ စိုက်ပျိုးရန် ကျန်ဧက ၅၃ ဧကရှိပြီး မိုးစပါး အပြီးတွင် ပဲတီစိမ်း၊ ဆီထွက် (ဆောင်းမြေပဲ)၊ မတ်ပဲ၊ ဘိုကိတ်၊ ပဲလွန်းတို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။ ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံများ စိုက်ပျိုးရာတွင် အရည်အသွေးပြည့်မီပြီး မိသားစုဝင်ငွေ ပိုမိုရရှိရေးနှင့် သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးတို့အတွက် အလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင် အထောက်အကူပြုစေရန်အတွက် တပ်မတော်က အောက်ဆီဂျင်အိုးများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၆**

ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများကို ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်အနေဖြင့် အောက်ဆီဂျင်အိုးများကို ဆေးရုံများနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနများအရောက် သွားရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် နာရေးကူညီမှုအသင်း၊ လူမှုရေးရာ ကူညီမှုအဖွဲ့များထံသို့ အောက်ဆီဂျင်အိုး ၂၂ လုံးကို သန်လျင်တပ်နယ်မှ တပ်မတော်သားများက တပ်မတော် Oxygen Plan များမှ အောက်ဆီဂျင်များဖြည့်သွင်းပြီး သွားရောက်ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇီးကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သား၊ ငါးနှင့် ကုန်စိမ်းသည်များအား ယာယီဈေးသို့ပြောင်းရွှေ့ရောင်းချ

**ဇီးကုန်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တွေ့ရှိလာသဖြင့် ရောဂါကူးစက်မှု မပြန့်ပွားစေရေးနှင့် ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် သား၊ ငါးနှင့် ကုန်စိမ်းသည်များအား ယနေ့ နံနက်ပိုင်းမှစတင်၍ ယာယီဈေးသို့ ပြောင်းရွှေ့ဖွင့်လှစ် ရောင်းချစေခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဇီးကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က မြို့မဈေးကြီးအတွင်း ရောင်းချနေသော မှတ်ပုံတင်အမည်ပေါက် ဈေးဆိုင်ခန်းများမှ လွဲ၍ ကျန် သား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ကုန်စိမ်းသည်များအား အမှတ်(၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ယာယီဈေးသို့ ပြောင်းရွှေ့ရောင်းချစေခဲ့ပြီး အဆိုပါဈေးကို နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဖွင့်လှစ်ရောင်းချစေခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးပြောင်းရွှေ့ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ " ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းသည် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ခရိုင်၊ မြို့နယ်များတွင် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိပြီး ဇီးကုန်းမြို့နယ်တွင်လည်း ကူးစက်ခံရသူ တွေ့ရှိလာသဖြင့် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် ယာယီဈေးသို့ပြောင်းရွှေ့ရောင်းချစေခဲ့ကြောင်း၊ မူလရောင်းချနေသော မိုဘိုင်းဈေးသည်များမှအပ အထိုင်ရောင်းချနေသောဈေးသည်များကို မိုဘိုင်းရောင်းချခြင်း ခွင့်မပြုကြောင်းနှင့် နံနက်ခင်း အရဏ်ဈေး ရောင်းချမှုကို ယာယီရပ်ဆိုင်းထားကြောင်းကို ဇီးကုန်းမြို့မဈေးတာဝန်ခံ ဦးခင်မောင်ထွန်း ထံမှ သိရသည်။



**တင့်ဆွေ(ပြန်/ဆက်)**

# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ- ရုရှားနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၆

အာဆီယံ– ရုရှားနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်သည်။

ယင်းအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Retno Marsudi နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov တို့က ပူးတွဲဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကိုဗစ်–၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေး၊ ကူးစက်ရောဂါကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် အာရှပစိဖိတ်ဒေသတွင်း ဗိသုကာကိစ္စနှင့် ရုရှားနိုင်ငံက အာဆီယံ– ရုရှား အထိမ်းအမှတ်ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေးအဆိုပြုထားသည့်ကိစ္စတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေနှင့် ကူးစက်ရောဂါတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် အာဆီယံ– ရုရှားနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်စဉ်။

**ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့်အညီ Green Recovery ရရှိရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးမှုမှတစ်ဆင့် စီးပွားရေးပြန်လည်ထူထောင်နိုင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာများကိုအသုံးချပြီး ဖြစ်ပေါ်လာနိုင်သည့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများအပေါ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းရန်ကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။ ပြောင်းလဲလာသော ဒေသတွင်း ဗိသုကာတွင် အာဆီယံ၏ အချက်အချာကျမှုကို အလေးထား၍ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့် အိန္ဒိယသမုဒ္ဒရာနိုင်ငံများသည် ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်လိုအပ်ကြောင်းကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။

**ရှေ့လုပ်ငန်းစဉ် တစ်ခုဖြစ်**

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်သည် မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်သော ဒီမိုကရေစီ ပြန်လည်တည်ထောင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

## အခွန်ထမ်းတစ်ဦးချင်း၏ အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများ ရှိသည်ကို သိရှိနိုင်ပါရန် အသိပေးအပ်ပါသည် –

(၁) အခွန်ဥပဒေများနှင့်အညီ လိုက်နာရမည့် အချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာ အခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်များ ရှိပါသည်။

(၂) အခွန်ထမ်းပြည်သူများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့် အချိန်ကာလ၊ ဌာန၏သဘောထား စသည်တို့အား အခွန်ထမ်းများထံမှ အချက်အလက်ရရှိနိုင်မှုအပေါ်မူတည်ပြီး သိရှိနိုင်ခွင့်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများပေးအပ်သည့် သတင်းအချက်အလက်များအားလုံးကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လျှို့ဝှက်စွာထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

(၃) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ ကြေညာလွှာကို တင်သွင်းနိုင်ခြင်းမရှိပါက ကြေညာလွှာတင်သွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့် ရှိပါသည်။ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး သာမန်အားဖြင့် (၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက် ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရာများ၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၄) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ အခွန်ပေးသွင်းနိုင်ခြင်းမရှိပါက အခွန်ပေးသွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့်ရှိပါသည်။ အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး၊ ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၅) အခွန်ထမ်းပြည်သူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်စဉ်းစားပေးရန် လျှောက်ထားခွင့် ရှိပါသည်။

(၆) အခွန်ထမ်းပြည်သူများသည် သက်ဆိုင်ရာအခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခွန်ထမ်းကိုယ်စား အခွန်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားပိုင်ခွင့်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ယင်းမာပင်ကို စိုက်ပျိုးသည်။ ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သီဟိုဠ်ပင်နှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပိတောက်ပင်တို့ကို စိုက်ပျိုးကြပြီး သက်ဆိုင်ရာ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်ပျိုးပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်ပင်စိုက်ပျိုးနေကြသည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ ကျင်းပသော ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ယင်းမာပင်၊ ကျွန်းပင်၊ ပိတောက်ပင်၊ ခရေပင်၊ မဟော်ဂနီပင်၊ မဲဇလီပင်၊ ကုက္ကိုပင် စသည့် ရတနာတန်းဝင်သစ်ပင်များနှင့် အရိပ်ရသစ်ပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




---

❑ *ရှေ့ဖုံးမှ*

( ခ ) **ပဲခူးတိုင်းဒေသကြီး**

(၁) တောင်ငူမြို့နယ်၊

(၂) ပဲခူးမြို့နယ်၊

(၃) ပြည်မြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်း လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်း လုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း လုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်း ဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန်သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

( ခ ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

( ဂ ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

( င ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

( စ ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask)တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့် ပြုရန်၊

( ဇ ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

( ဈ ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၇-၇-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

---



# မင်းဘူးမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၆၀၀ ကျော် ထုတ်ချေး

**မင်းဘူး ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ဆက်လက်ချေးပေးလျက်ရှိရာ အုပ်စုပေါင်း လေးအုပ်စု တောင်သူပေါင်း ၂၀၄ ဦးနှင့် စပါး ၅၁၁ ဧက၊ နှမ်းသီးနှံစိုက်ဧက ၉၀၅ ဧက အတွက် စုစုပေါင်းငွေကျပ်သိန်း ၁၆၇၁၅၀၀၀၀ ကို ထုတ်ချေးပြီးပြီဖြစ်ကြောင်း မင်းဘူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

မင်းဘူးမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယခင်နှစ် ၂၀၂၀ အတွက် မိုးချေးငွေ ကျေစွာပေးဆပ်ပြီးသူ တောင်သူများကိုသာ ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ချေးငွေများ ထုတ်ချေးပေးနေစဉ်ကာလအတွင်း လာရောက်ပေးဆပ်သူ တောင်သူကြီးများ၏ ချေးငွေများ ပေးဆပ်မှုကို လက်ခံ၍ အသစ်တစ်ဖန် ပြန်လည်ထုတ်ချေးပေးလျက်ရှိပြီး ဘဏ်ချေးငွေများ ထုတ်ပေးသည့်အချိန်တွင် တစ်ဦးနှင့်တစ်ဦးသုံးပေအကွာတွင် နေထိုင်ခြင်း၊ လက်ဆေးခြင်း၊ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ တစ်ဦးပြီးမှတစ်ဦး အလှည့်ကျစနစ်ဖြင့် စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးရန် လျာထားချက်ရှိသည်မှာ မိုးသီးနှံစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေ ထုတ်ချေးပေးရန် ကျန်ရှိနေသေးသည့် ကျေးရွာများမှ တောင်သူများကိုလည်း သတ်မှတ်ကာလအတွင်း ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း မင်းဘူးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဘဏ်မန်နေဂျာ ဒေါ်ဇင်ဝင်းမာက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

# လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များစေရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး CDM ဝန်ထမ်းများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ နှောင့်ယှက်မှုများကြောင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း အခက်အခဲများကြားမှ တက်ရောက်သင်ကြားပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၆-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇူလိုင် ၆**

လတ်တလော ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာလှနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမင်း၊ ခရိုင်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အခက်အခဲများ ဖြေရှင်းပေး**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး က လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် အထူးအလေးထား ထည့်သွင်းထားရှိပြီး ဆောင်ရွက်လျက် ရှိကြောင်း၊ လတ်တလောတွင် ရောဂါကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် ပြည်သူလူထုအတွင်း ကူးစက်မှုနှုန်းထိန်းချုပ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးနိုင်မည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်း၊ စင်တာလိပ်စာ တည်နေရာနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို မိဘပြည်သူများသို့ အသိပေးရေး၊ ရုံးပိတ်ရက်များနှင့် ညအချိန်များတွင်လည်း ဆေးရုံများတွင် အထူးတာဝန်ချထားမည့် အစီအစဉ်များနှင့် လူထုကြားတွင် ဖြစ်ပေါ်နေသော အခက်အခဲများ ဖြေရှင်းပေးရေး အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြရန် ပြောကြားသည်။

**အသေးစိတ်ရှင်းလင်း**

ထို့နောက် တိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာလှနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမင်းတို့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ကိုဗစ်လူနာများကို လက်ခံကုသပေးနိုင်ရန် ပြည်သူ့ဆေးရုံများနှင့် စင်တာများတွင် ကျန်းမာရေး ဝန်ထမ်းများနှင့် သူနာပြုများကို တာဝန်ချထားပေးမှု အခြေအနေများ၊ အောက်ဆီဂျင်လိုအပ်မှုများ၊ ခရိုင်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ ဥက္ကဋ္ဌများက စင်တာများဖွင့်လှစ်၍ ရောဂါပိုးတွေ့လူနာများကို ကုသစောင့်ရှောက်ထားရှိမှု အခြေအနေများနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကုသရေးအပိုင်းများ၊ လိုအပ်သော ဆေးပညာရှင်များ၊ စေတနာ့ဝန်ထမ်း စုဆောင်းထားရှိမှုများ၊ ဆေးရုံများနှင့် ကိုဗစ်စင်တာ အခြေအနေများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်း နေထိုင်ကြသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မခံရစေရေး အတွက် အများပြည်သူနှင့် သက်ဆိုင်သော ဈေး၊ ဘတ်စ်ကား၊ လူစည်ကားရာ နေရာများတွင် သတ်မှတ်ထားသည့် စည်းကမ်းများ စနစ်တကျ လိုက်နာစေရေး၊ ရောဂါဖြစ်ပွားသည့် ကျေးရွာအလိုက် Stay at Home ဒေသ သတ်မှတ်ရေး တင်ပြရန်နှင့် ရောဂါဖြစ်ပွားမှု သံသယဖြစ်နေသူများ၊ ဆေးစစ်နိုင်ရေး၊ ပိုးတွေ့လူနာများ ကုသရေး၊ ဆက်စပ်ထိတွေ့သူများကို ကန့်သတ်ထားရှိရေး၊ လိုအပ်သည့် အိပ်ရာ၊ ခြင်ထောင်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အစားအသောက် ကျွေးမွေးရေးနှင့် အောက်ဆီဂျင်ရရှိရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် လိုအပ်သည့်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## (၁၆) ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

(၁၆) ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည်။

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာညီညီကျော်က နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် သစ်တောကဏ္ဍမှ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုသကဲ့သို့ ကျေးလက်နေပြည်သူလူထု၏ စားဝတ်နေရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာအနေဖြင့် (FRA 2020) အရ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း ဖုံးလွှမ်းလျက်ရှိပြီး ကောင်းမွန်သော ရာသီဥတုအခြေအနေကို ဖန်တီးပေးခြင်း၊ မြေနှင့် ရေသယံဇာတ အရင်းအမြစ်များအား ထိန်းသိမ်းပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ် တည်ငြိမ်အောင် ပြုလုပ်ပေးခြင်း စသည့် အကျိုးကျေးဇူးများကို ထောက်ပံ့ပေးလျက်ရှိကြောင်း။

သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အချိန်နှင့် တစ်ပြေးညီ တိုးတက်ပြောင်းလဲနေသော ကမ္ဘာလုံးဆိုင်ရာ အခြေအနေများနှင့် စက်မှုဖွံ့ဖြိုးရေး အခြေအနေများ အရ စဉ်ဆက်မပြတ်ထုတ်လုပ်ရေးမှ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးသို့ ပုံမှန်သမားရိုးကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းမှ ပူးပေါင်းပါဝင်သော စီမံအုပ်ချုပ်လုပ်ကိုင်မှုသို့ ပြောင်းလဲဆောင်ရွက်လျက် ရှိကြောင်း။

"မြန်မာနိုင်ငံ သစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်း" ကို ၂၀၁၇-၁၈ ခုနှစ်မှ ၂၀၂၆-၂၇ ခုနှစ်အထိလည်းကောင်း၊ "တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ်"ကို ၂၀၁၉-၂၀ ခုနှစ်မှ ၂၀၂၈-၂၉ ခုနှစ်အထိ လည်းကောင်း၊ အမျိုးသားအဆင့် REDD မဟာဗျူဟာများ (National REDD+ Strategies)၊ "မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်" (MTLAS) နှင့် "တရားဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း" (FLEGT) စသည့် လုပ်ငန်းများကိုလည်း ကမ္ဘာပေါ်၌ ပြောင်းလဲတိုးတက်နေသည့် အခြေအနေများ၊ လက်ရှိအခြေအနေများအပေါ်မူတည်ကာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နည်းပညာနှင့် ရန်ပုံငွေဆိုင်ရာ အခက်အခဲများ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ စိန်ခေါ်မှုများကြောင့် သစ်တောစီမံအုပ်ချုပ်မှုတွင် ကန့်သတ်ချက်များရှိနေသော်လည်း အဆိုပါအခက်အခဲနှင့် စိန်ခေါ်မှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ထိရောက်သော ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးကို အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် သစ်တောအရာရှိများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး အာဆီယံ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များက Online စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဆွစ်ဇာလန်နိုင်ငံ)

ကော်ရယ်လ်ခိုင်

**ဆွစ်ဇာလန်နိုင်ငံကို Swiss Confederation (ဆွစ်ပြည်ထောင်စု) ဟု ခေါ်ဝေါ်လေ့ရှိပြီး ဖက်ဒရယ်ပြည်နယ် (Canton) ၂၆ ခု ပါဝင်သော ဖက်ဒရယ်နိုင်ငံဖြစ်ပါသည်။ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်၍ အရှေ့ဘက်တွင် သြစတြီးယားနိုင်ငံ၊ အနောက်ဘက်တွင် ပြင်သစ်နိုင်ငံ၊ တောင်ဘက်တွင် အီတလီနိုင်ငံ၊ မြောက်ဘက်တွင် ဂျာမနီနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နိုင်ငံ၏ အကျယ်အဝန်းမှာ ၄၁,၂၈၅ စတုရန်းကီလိုမီတာ ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ သုံးပုံနှစ်ပုံမှာ အဲလ်ပက်စ်တောင်တန်းဒေသဖြစ်သော်လည်း ၂၀၁၉ ခုနှစ် စာရင်းအရ လူဦးရေ ၈ ဒသမ ၅ သန်းအနက် ဆွစ်လူမျိုးအများစုသည် မြေနိမ့်လွင်ပြင်ဒေသ (Swiss Plateau) တွင် ပိုမိုနေထိုင်ကြပါသည်။ ဘာသာစကားနှင့်ယဉ်ကျေးမှု မတူကွဲပြားခြားနားသည့်အတွက် ဂျာမန်၊ ပြင်သစ်၊ အီတလီနှင့် ရောမ ဘာသာစကားများကို အသုံးပြုကြပြီး ဥပဒေ၊ အစီရင်ခံစာ၊ ဝက်ဘ်ဆိုက်၊ လက်ကမ်းစာစောင်၊ လမ်းညွှန်သင်္ကေတအစရှိသည်တို့ကို ဂျာမန်၊ ပြင်သစ်၊ အီတလီ ဘာသာသုံးမျိုးဖြင့် ဖော်ပြကြပါသည်။**

ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့ကြက်ခြေနီအသင်း (Red Cross) စတင်တည်ထောင်ရာနေရာတစ်ခုဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၊ နိုင်ငံတကာအဖွဲ့အစည်းအများစု၏ အခြေစိုက်ရာနေရာလည်း ဖြစ်ပါသည်။ ဖက်ဒရယ်အစိုးရဌာနရုံးစိုက်သော ဘန်းမြို့ (Bern) ကို ဖက်ဒရယ်မြို့တော်အဖြစ် သတ်မှတ်ထားပြီး ဂျီနီဗာ(Geneva)၊ ဇူးရစ်(Zurich)၊ ဘာဇဲလ် (Basel) တို့သည်လည်း ကမ္ဘာ့မြို့ကြီးများစာရင်းဝင်နှင့် စီးပွားရေးအချက်အချာကျသည့်မြို့ကြီးများ ဖြစ်ကြပါသည်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများစာရင်းတွင်ပါဝင်ပြီး နိုင်ငံသားတစ်ဦးချင်း၏ နှစ်စဉ်ပျမ်းမျှဝင်ငွေ ၈၆,၈၄၉ ဒေါ်လာ ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံတွင် အသက် ၁၅ နှစ်အရွယ်အထိ "မသင်မနေရ အခမဲ့ပညာရေးစနစ်"ကို စီစဉ်ထားရှိပြီး ပညာသင်ကာလမှာ ၁၁ နှစ် ဖြစ်ပါသည်။ ပညာရေးစနစ်သည် အဆင့်အတန်းမြင့်မားကောင်းမွန်သော်လည်း အရေးအဖတ်နှင့် သာမန်ဂဏန်းအတွက် အချက်၌ အခက်အခဲကြုံတွေ့နေရသည့်သူဦးရေ စုစုပေါင်း ၈၀၀,၀၀၀ ခန့်ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံသည် ၁၈၁၅ ခုနှစ်ကတည်းက စစ်မက်ဖြစ်ပွားခြင်းမရှိသကဲ့သို့ အခြားနိုင်ငံများ၏ နိုင်ငံရေးပဋိပက္ခ၊ စစ်ပွဲများတွင် ပါဝင်ခြင်းမရှိဘဲ Armed Neutrality Policy ကို ခိုင်ခိုင်မာမာ ကျင့်သုံးသည့်နိုင်ငံဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဆွစ်ပြည်သူများအနေဖြင့် ဆွစ်ဖက်ဒရယ်လွှတ်တော်၏ ဆုံးဖြတ်ချက်များ အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများအပေါ်တွင်လည်းကောင်း၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအဆို ပြုရာတွင်လည်းကောင်း မိမိတို့၏သဘောထားအမြင်များကို တိုက်ရိုက်ဖော်ထုတ်နိုင်သည့် ဒီမိုကရေစီစနစ် (Direct Democracy) သည် ဆွစ်ဇာလန်နိုင်ငံရေးစနစ်၏ ထူးခြားသော သွင်ပြင်လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ ဆွစ်ပြည်သူများသည် နိုင်ငံရေးနှင့်ဆက်နွယ်သည့်လုပ်ငန်းစဉ်၊ ဆုံးဖြတ်ချက်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ကြရပါသည်။ အသက် (၁၈) နှစ် ပြည့်ပြီးသော ဆွစ်ဇာလန်နိုင်ငံသားအားလုံးသည် ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသကဲ့သို့ Direct Democracy ၏ အင်္ဂါရပ်များဖြစ်သော Popular Initiative၊ Optional Referendum နှင့် Mandatory Referendum များမှတစ်ဆင့်လည်း မိမိတို့၏ လိုလားချက်များကို ထုတ်ဖော်တောင်းဆိုနိုင်ပါသည်။

**အာဏာခွဲဝေမှု**

အာဏာခွဲဝေခြင်းသည် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုမှဖြစ်စေ နိုင်ငံရေး အာဏာကို ချုပ်ကိုင်ခြင်းမှ ကာကွယ်နိုင်သကဲ့သို့ အာဏာအလွဲသုံးစားပြုခြင်းကိုလည်း တားဆီးရာရောက်ပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ၁၈၄၈ ခုနှစ်ကတည်းက အာဏာခွဲဝေမှုကို စတင်ကျင့်သုံးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည့်၊ ကန့်သတ်ထားသည့်ကိစ္စရပ်များမှအပ ဖက်ဒရယ်ပြည်နယ်များအနေဖြင့် ပညာရေး၊ ကျန်းမာရေး အစရှိသည့်နယ်ပယ်ကဏ္ဍများတွင် လုပ်ပိုင်ခွင့်အပြည့်အဝရှိပါသည်။ အုပ်ချုပ်ရေးအာဏာ(Executive Power) နှင့် ဥပဒေပြုရေးအာဏာ (Legislative Power) ကို ပြည်ထောင်စုအဆင့် (Confederation)၊ ပြည်နယ်အဆင့် (Canton) နှင့် ရပ်ကွက်အဆင့် (Commune) အထိ ခွဲဝေထားပါသည်။ တရားစီရင်ရေးအာဏာ (Judiciary Power)ကိုမူ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တွင်သာ ဖြန့်ကြက်ထားရှိပါသည်။

**ဆွစ်ဖက်ဒရယ်လွှတ်တော် (Swiss Parliament/ United Federal Assembly)**

ဆွစ်ဖက်ဒရယ်လွှတ်တော် (United Federal Assembly) တွင် အောက်လွှတ်တော် (National Council) နှင့် အထက်လွှတ်တော် (Council of States) ဟူ၍ လွှတ်တော်နှစ်ရပ်ပါဝင်ပြီး ဆွစ်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ပါသည်။ ၈ ဒသမ ၅ သန်းကျော်ရှိသည့်အနက် ဖက်ဒရယ်ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူဦးရေ ၅ ဒသမ ၃ သန်းခန့်ရှိပါသည်။

**အောက်လွှတ်တော် (National Council)**

ယခင်က အောက်လွှတ်တော်တွင် မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် မဲအများဆုံးရသူ အနိုင်ယူစနစ် (Winner-take-all System) ကို အသုံးပြုခဲ့သော်လည်း ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် အချိုးကျကိုယ်စားပြုစနစ် (Party List Proportional Representation System- Open List) ကို ပြောင်းလဲကျင့်သုံးခဲ့ပါသည်။

လက်ရှိတွင် အောက်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ် ၂၀၀ ပါဝင်ပြီး သက်တမ်းမှာ လေးနှစ်ဖြစ်ပါသည်။ ဖက်ဒရယ်ပြည်နယ် (Canton) အလိုက် နေထိုင်သည့်လူဦးရေပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို အချိုးကျသတ်မှတ်ခြင်းဖြစ်ပါသည်။ အကြမ်းဖျင်းအားဖြင့် ဖက်ဒရယ်ပြည်နယ်တစ်ခုတွင် အမြဲတမ်း နေထိုင်သူ ၄၀,၀၀၀ အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သတ်မှတ်ထားပါသည်။ သို့သော် အမြဲတမ်းနေထိုင်သူ ၄၀,၀၀၀ ဦး ထက်နည်းပါးသော Appenzell-Ausserrhoden၊ Appenzell-Innerrhoden၊ Obwalden၊ Nidwalden၊ Uri နှင့် Glarus ပြည်နယ်ခြောက်ခုအတွက်မူ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီရရှိပါသည်။ ဇူးရစ် (Zurich)ကဲ့သို့ လူဦးရေ သိပ်သည်းဆများပြားသည့် ဖက်ဒရယ်ပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ် ၃၅ နေရာအထိ ရရှိပါသည်။

အောက်လွှတ်တော်တွင် ဆွစ်ဇာလန်တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်ခုအဖြစ် သတ်မှတ်ခြင်း မဟုတ်ဘဲ ဖက်ဒရယ်ပြည်နယ် ၂၆ ခုအတွက် မဲဆန္ဒနယ် (၂၆) နယ်ရှိသည့်အတွက် နိုင်ငံရေးပါတီငယ်များအတွက် အဟန့်အတားဖြစ်စေပါသည်။ အကယ်၍ ဆွစ်ဇာလန်တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်ခုအဖြစ်သာ သတ်မှတ်ပါက အောက်လွှတ်တော်တွင် နေရာတစ်နေရာ အနိုင်ရရှိရန်အတွက် ထောက်ခံမဲ ၀ ဒသမ ၅ ရာခိုင်နှုန်းသာ လိုအပ်မည်ဖြစ်ပါသည်။ သို့သော် ဖက်ဒရယ်ပြည်နယ် ၂၆ ခုအတွက် မဲဆန္ဒနယ် ၂၆ နယ်ဖြစ်သည့်အတွက် အောက်လွှတ်တော်နေရာ တစ်နေရာအတွက် ထောက်ခံမဲ ၀ ဒသမ ၅ ရာခိုင်နှုန်းထက် ပိုမိုရရှိရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာ- ကိုယ်စားလှယ်နေရာ ၃၅ နေရာ ရရှိထားသော ဇူးရစ်ပြည်နယ်တွင် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ကိုယ်စားလှယ်နေရာတစ်နေရာအတွက် ထောက်ခံမဲ ၃ ရာခိုင်နှုန်းခန့်ရရှိရမည် ဖြစ်ပါသည်။ သို့သော် ကိုယ်စားလှယ်နေရာတစ်နေရာသာရရှိသော Appenzell-Ausserrhoden၊ Appenzell-Innerrhoden၊ Obwalden၊ Nidwalden၊ Uri နှင့် Glarus ပြည်နယ်များတွင်မူ ဆန္ဒမဲအများဆုံးရရှိသည့် နိုင်ငံရေးပါတီကသာ အနိုင်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် အချိုးကျကိုယ်စားပြုသည့်စနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်သော်လည်း ကိုယ်စားလှယ်နေရာတစ်နေရာသာရရှိသော ဖက်ဒရယ်ပြည်နယ်များတွင်မူ မဲအများဆုံးရသူအနိုင်ယူစနစ် (Winner-take-all System/ First-past-the-post System) အဖြစ် ပြောင်းလဲသွားပါသည်။

ဂျာမနီ အစရှိသော အချိုးကျကိုယ်စားပြုသည့်စနစ် (PR) ကို ကျင့်သုံးသည့်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆွစ်ဇာလန်နိုင်ငံတွင် ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီများအနေဖြင့် ရရှိရမည့် အနိမ့်ဆုံးထောက်ခံမဲရာခိုင်နှုန်း (Threshold) သတ်မှတ်ထားခြင်းမရှိပါ။

နိုင်ငံရေးပါတီများသည် ကိုယ်စားလှယ်လောင်းအမည်စာရင်းကိုတင်သွင်းရာတွင် သက်ဆိုင်ရာ ဖက်ဒရယ်ပြည်နယ်အလိုက် သတ်မှတ်ထားသောနေရာများထက် ကျော်လွန်၍ အမည်စာရင်းတင်သွင်းခြင်း မပြုရပါ။ မဲဆန္ဒရှင်များသည် မိမိတို့နှစ်သက်ရာ နိုင်ငံရေးပါတီက အဆိုပြုထားသော ကိုယ်စားလှယ်လောင်းများကို မဲလက်မှတ်ပေါ်တွင် အမှတ်စဉ်တပ်၍ ရွေးချယ်နိုင်သည်။ ထို့ပြင် နိုင်ငံရေးပါတီအသီးသီးက အဆိုပြုထားသည့် ကိုယ်စားလှယ်လောင်းများအနက် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို မဲလက်မှတ် (အလွတ်)ကိုအသုံးပြု၍ အမှတ်စဉ်တပ်ကာ ရေးသားဆန္ဒပြုနိုင်ပါသည်။

● **အာဏာခွဲဝေခြင်းသည် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုမှဖြစ်စေ နိုင်ငံရေးအာဏာကို ချုပ်ကိုင်ခြင်းမှ ကာကွယ်နိုင်သကဲ့သို့ အာဏာအလွဲသုံးစားပြုခြင်းကိုလည်း တားဆီးရာ ရောက်ပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ၁၈၄၈ ခုနှစ်ကတည်းက အာဏာခွဲဝေမှုကို စတင်ကျင့်သုံးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည့်၊ ကန့်သတ်ထားသည့်ကိစ္စရပ်များမှအပ ဖက်ဒရယ်ပြည်နယ်များအနေဖြင့် ပညာရေး၊ ကျန်းမာရေး အစရှိသည့် နယ်ပယ်ကဏ္ဍများတွင် လုပ်ပိုင်ခွင့်အပြည့်အဝရှိ**

**အထက်လွှတ်တော် (Council of States)**

အထက်လွှတ်တော် (Council of States) တွင် လွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးပါဝင်ပြီး သက်တမ်းမှာ လေးနှစ် ဖြစ်ပါသည်။ လူဦးရေကို ပဓာနမထားဘဲ ဖက်ဒရယ်ပြည်နယ်များ ကိုယ်စားပြုပါသည်။ Appenzell-Ausserrhonden၊ Appenzell-Innerrhonden၊ Obwalden၊ Nidwalden၊ Basel-Stadt နှင့် Basel-Land အစရှိသော ဖက်ဒရယ်ပြည်နယ်ခွဲခြောက်ခုတွင် ကိုယ်စားလှယ် တစ်ဦးစီနှင့် ကျန်ဖက်ဒရယ်ပြည်နယ် ၂၀ တွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကျစီရရှိပါသည်။ ကိုယ်စားလှယ်များကို မဲအများဆုံးရရှိသူအနိုင်ရစနစ် (Winner-take-all System)ဖြင့် ရွေးချယ်တင်မြှောက်ပါသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ သက်ဆိုင်ရာဖက်ဒရယ်ပြည်နယ်များကို ကိုယ်စားပြုသော်လည်း ယင်းပြည်နယ်အစိုးရနှင့်ပြည်နယ်လွှတ်တော်၏ ညွှန်ကြားချက်များက လွှမ်းမိုးသက်ရောက်နိုင်စွမ်းမရှိပါ။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဆွစ်ဖက်ဒရယ်လွှတ်တော်တွင် ပြည်နယ်အလိုက် ရရှိသည့် ကိုယ်စားလှယ်နေရာများ

| CANTON | National Council | Council of States |
|---|---|---|
| Aargau | 16 | 2 |
| Appenzell Outer Rhodes | 1 | 1 |
| Appenzell Inner Rhodes | 1 | 1 |
| Basel-Landschaft | 7 | 1 |
| Basel-Stadt | 5 | 1 |
| Bern | 24 | 2 |
| Fribourg | 7 | 2 |
| Geneva | 12 | 2 |
| Glarus | 1 | 2 |
| Graubünden | 5 | 2 |
| Jura | 2 | 2 |
| Lucerne | 9 | 2 |
| Neuchâtel | 4 | 2 |
| Nidwalden | 1 | 1 |
| Obwalden | 1 | 1 |
| St. Gallen | 12 | 2 |
| Schaffhausen | 2 | 2 |
| Schwyz | 4 | 2 |
| Solothurn | 6 | 2 |
| Thurgau | 6 | 2 |
| Ticino | 8 | 2 |
| Uri | 1 | 2 |
| Vaud | 19 | 2 |
| Valais | 8 | 2 |
| Zurich | 35 | 2 |
| Zug | 3 | 2 |
| **Total** | **200** | **46** |

**ဆွစ်ဖက်ဒရယ်လွှတ်တော်၏အခန်းကဏ္ဍ**

ဥပဒေပြုရေးအာဏာကို လွှတ်တော် နှစ်ရပ်လုံးအား အညီအမျှ ခွဲဝေထားပါသည်။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် အစည်းအဝေးများကို တစ်နှစ်လျှင် လေးကြိမ်၊ တစ်ကြိမ်လျှင် ရက်သတ္တပတ် သုံးပတ်ကြာ သီးခြားစီ ကျင်းပပါသည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်ခြင်း၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် နိုင်ငံတကာသဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ပါသည်။

ဆွစ်ဖက်ဒရယ်လွှတ်တော်အနေဖြင့် ဖက်ဒရယ်အစိုးရအဖွဲ့ (Federal Council) က ဆောင်ရွက်ရမည့်လုပ်ငန်းများကို ချမှတ်ပေးပြီး ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။ ထို့ပြင် ဖက်ဒရယ်တရားရုံးများနှင့် ဖက်ဒရယ်အဆင့် အခြားအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ပါသည်။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပူးပေါင်း၍ ဖက်ဒရယ်အစိုးရအဖွဲ့ (Federal Council)၊ ဖက်ဒရယ်ဝန်ကြီးချုပ် (Federal Chancellor)နှင့် ဖက်ဒရယ်တရားသူကြီးများကို ရွေးချယ်တင်မြှောက်ပါသည်။ ထို့ပြင် နှစ်စဉ် ဒီဇင်ဘာလတွင် ဖက်ဒရယ်အစိုးရအဖွဲ့ဝင်များအနက် နှစ်ဦးကို သမ္မတနှင့်ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပါသည်။ စစ်ရေးဆိုင်ရာကိစ္စများ ပေါ်ပေါက်ပါက ဆွစ်ဖက်ဒရယ်လွှတ်တော်အနေဖြင့် စစ်ဦးစီးချုပ်ကို ရွေးချယ်တင်မြှောက်ရန် တာဝန်ရှိပါသည်။

**ဖက်ဒရယ်အစိုးရအဖွဲ့(Federal Council)၊ သမ္မတနှင့် ဖက်ဒရယ်ဝန်ကြီးချုပ်ရွေးချယ်တင်မြှောက်ခြင်း**

ဆွစ်ဖက်ဒရယ်အစိုးရအဖွဲ့(Federal Council) သည် ဆွစ်ဇာလန်နိုင်ငံတွင် အမြင့်ဆုံး အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး ဖက်ဒရယ်အစိုးရအဖွဲ့ကို ဆွစ်ဖက်ဒရယ်လွှတ်တော်က ရွေးကောက်တင်မြှောက်ခြင်းဖြစ်ကာ သက်တမ်းမှာ လေးနှစ်ဖြစ်ပါသည်။ အစိုးရအဖွဲ့တွင် အဖွဲ့ဝင် ခုနစ်ဦး ပါဝင်ပြီး ၎င်းတို့သည် သက်ဆိုင်ရာဖက်ဒရယ်ဝန်ကြီးဌာနအသီးသီး၏ အကြီးအကဲများ (Federal Councillors) အဖြစ် တာဝန်ယူဆောင်ရွက်ကြရသည်။

ဆွစ်ဖက်ဒရယ် လွှတ်တော်အနေဖြင့် နှစ်စဉ် ဒီဇင်ဘာလတွင် ဖက်ဒရယ်အစိုးရအဖွဲ့ဝင် ခုနစ်ဦးရှိသည့်အနက် နှစ်ဦးကို ဆွစ်ပြည်ထောင်စု၏ သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်ခန့်အပ်ခြင်းဖြစ်ကာ သက်တမ်းမှာ တစ်နှစ် ဖြစ်ပါသည်။ ထူးခြားချက်မှာ နိုင်ငံ၏အကြီးအကဲသည် သမ္မတ မဟုတ်၊ ဖက်ဒရယ်အစိုးရအဖွဲ့သာ ဖြစ်သည်။ ဆွစ်သမ္မတအနေဖြင့် မိမိတာဝန်ယူထားသည့် ဖက်ဒရယ် ဝန်ကြီးဌာန၏လုပ်ငန်းများကို ဆောင်ရွက်ရသည့်အပြင် ဆွစ်နိုင်ငံ၏ ပြယုဂ်အနေဖြင့် ကုလသမဂ္ဂညီလာခံတွင် မိန့်ခွန်းပြောကြားခြင်း၊ နှစ်သစ်ကူးပွဲတော်ရက်၊ ဆွစ်အမျိုးသားနေ့များတွင် နှုတ်ဆက်စကား ပြောကြားခြင်း အစရှိသည့် နိုင်ငံကိုယ်စားပြုသည့် တာဝန်ဝတ္တရားများကိုပါ ထမ်းဆောင်ရပါသည်။ သို့သော် အထက်တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံ၏အကြီးအကဲသည် ဖက်ဒရယ်အစိုးရ ဖြစ်သဖြင့် အခြားနိုင်ငံများမှ အကြီးအကဲခေါင်းဆောင်များ ဆွစ်ဇာလန်သို့ လာရောက်ရာတွင် ဖက်ဒရယ်အစိုးရအဖွဲ့ဝင်အားလုံးက အတူတကွ လက်ခံတွေ့ဆုံကြပါသည်။ လက်ရှိဖက်ဒရယ်အစိုးရတွင် Liberal Party၊ Swiss Social Democratic Party၊ Swiss People Party များမှ နှစ်ဦးစီနှင့် Swiss Christian Democratic Party မှ တစ်ဦးပါဝင်ပါသည်။ လက်ရှိသမ္မတမှာ Mr. Guy Parmelin ဖြစ်ပါသည်။

ဖက်ဒရယ်အစိုးရနည်းတူ ဖက်ဒရယ်ဝန်ကြီးချုပ် (Federal Chancellor)ကိုလည်း ဆွစ်ဖက်ဒရယ်လွှတ်တော်က ရွေးချယ်တင်မြှောက်ပြီး သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ သို့ရာတွင် ဆွစ်ဖက်ဒရယ်ဝန်ကြီးချုပ်သည် ဂျာမနီ၊ ဩစတြီးယားနိုင်ငံတို့၏ ဝန်ကြီးချုပ်များကဲ့သို့မဟုတ်ဘဲ ဆွစ်ဖက်ဒရယ်အစိုးရအဖွဲ့ကို ပံ့ပိုးပေးရသည့်အတွင်းရေးမှူးသက်သက်သာ ဖြစ်သည်။

**မဲဆွယ်စည်းရုံးခြင်း**

နိုင်ငံရေးပါတီများသည် ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် မဲဆွယ်စည်းရုံးခွင့်မရှိသော်လည်း နိုင်ငံရေးစကားစစ်ထိုးပွဲများ၊ သတင်းစာများတွင် မဲဆွယ်စည်းရုံးသည့်ကြော်ငြာများထည့်သွင်းခြင်း၊ လမ်းမပေါ်တွင် ဟောပြောစည်းရုံးခြင်း၊ ဆိုရှယ်မီဒီယာနှင့် ဝက်ဘ်ဆိုက်များမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်း၊ ပြည်သူများ၏ သဘောထားအမြင်များကို စစ်တမ်းကောက်ယူခြင်း၊ မိမိတို့နိုင်ငံရေးပါတီနှင့်သက်ဆိုင်သောကြော်ငြာများ၊ လက်ကမ်းစာစောင်များကို စာတိုက်မှတစ်ဆင့် မဲဆန္ဒရှင်များထံဖြန့်ဝေခြင်း၊ လမ်းဘေးဝဲယာတွင် ပိုစတာများစိုက်ထူခြင်း အစရှိသည်တို့ဖြင့် မဲဆွယ်စည်းရုံးနိုင်ပါသည်။

**ဆန္ဒမဲပေးခြင်းနှင့် ဆန္ဒမဲရေတွက်ခြင်း**

စိတ်ပေ့ါသွပ်နေသည့်အတွက်ကြောင့် နှစ်ကာလကြာရှည်စွာ တစ်စုံတစ်ဦး၏အုပ်ထိန်းမှုအောက်တွင် ရောက်ရှိနေသူများမှအပ အသက် (၁၈) နှစ်ပြည့်ပြီးသော ဆွစ်နိုင်ငံသားတိုင်းသည် ဖက်ဒရယ်အဆင့်၊ ပြည်နယ်အဆင့်၊ ရပ်ကွက်အဆင့်ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသည်။ နိုင်ငံခြားသားများ ဖြစ်လင့်ကစား ပြည်နယ်နှင့် ရပ်ကွက်အဆင့်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးနိုင်သည့် ပြည်နယ်အချို့လည်း ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံတွင် နေထိုင်သည့် နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ မည်သူမဆို နေရာတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ပါက ရက်သတ္တပတ်နှစ်ပတ်အတွင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ထံ မှတ်ပုံတင်ရပါသည်။ ထို့ကြောင့် ဆွစ်နိုင်ငံသားများသည် မဲဆန္ဒရှင်စာရင်းတွင် သီးခြားမှတ်ပုံတင်ရန်မလိုအပ်ဘဲ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အရည်အချင်းပြည့်မီပါက မိမိနေထိုင်ရာရပ်ကွက်၏မဲစာရင်းတွင် အမည်ပါရှိမည်ဖြစ်ပါသည်။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆွစ်နိုင်ငံသားများအနေဖြင့် ဖက်ဒရယ်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးနိုင်ပါသည်။ သို့သော် ယခင်နေထိုင်ခဲ့သော ရပ်ကွက်ရှိမဲစာရင်းတွင် အမည်ပါရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာသံရုံးတွင်လည်း မှတ်ပုံတင်ရန် လိုအပ်ပါသည်။

မဲဆန္ဒရှင်များအနေဖြင့် စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ မဲရုံသို့ သွားရောက်၍ဖြစ်စေ၊ အင်တာနက်မှတစ်ဆင့်ဖြစ်စေ ဆန္ဒမဲပေးနိုင်ပါသည်။ ဆွစ်ဖက်ဒရယ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးရာတွင် ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံး ရက်သတ္တပတ် သုံးပတ် ကြိုတင်၍ နိုင်ငံတွင်း၌ဖြစ်စေ၊ နိုင်ငံပြင်ပ၌ဖြစ်စေ နေထိုင်သည့် မဲဆန္ဒရှင်များထံသို့ မဲလက်မှတ်၊ ဆန္ဒပြုပြီးသော မဲလက်မှတ်ထည့်ရန် စာအိတ်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဖြစ်ကြောင်း သက်သေခံကတ်ပြား၊ သီးခြားစာအိတ်တို့ကို စာတိုက်မှ တစ်ဆင့်ပေးပို့ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုပြီးသော မဲလက်မှတ်များကို စာတိုက်မှတစ်ဆင့် သို့မဟုတ် မဲရုံသို့ ကိုယ်တိုင်သွားရောက်ပေးပို့နိုင်ပါသည်။ အများအားဖြင့် စာတိုက်မှတစ်ဆင့် ပြန်လည်ပေးပို့သည့် မဲလက်မှတ်အရေအတွက်က ပိုမိုများပြားပါသည်။ မဲလက်မှတ်များကို ပြင်သစ်၊ အီတလီနှင့် ရောမဘာသာစကား လေးမျိုးအနက်မှ နှစ်သက်ရာကို တောင်းဆိုနိုင်ပါသည်။ ယခုနောက်ပိုင်းတွင် E-voting စနစ်ကိုပါ ပူးတွဲအသုံးပြုသည့် ဖက်ဒရယ် ပြည်နယ်အချို့လည်း ရှိပါသည်။

ဆန္ဒမဲလက်မှတ်ရေတွက်ရာတွင် သမားရိုးကျနည်းလမ်းအတိုင်းသာ ရေတွက်ပါသည်။ မဲရေတွက်ခြင်းလုပ်ငန်းစဉ်သည် သာမန်အားဖြင့် ၅ နာရီ သို့မဟုတ် ၆ နာရီခန့် ကြာမြင့်သော်လည်း ဇူးရစ်နှင့် ဂျီနီဗာကဲ့သို့သော မြို့ကြီးများတွင် အချိန်ပို၍ကြာမြင့်ပါသည်။

**နိဂုံး**

ဆွစ်ဇာလန်နိုင်ငံသည် ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုကွဲပြားခြားနားသည့် အုပ်စုများရှိသော်လည်း အများလက်ခံသည့်အယူအဆဖြစ်သည့် ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီစနစ်၊ သွေးချင်းညီညွတ်သည့်စိတ်ဓာတ်တို့ကို လက်ကိုင်ထားခြင်းသည် နိုင်ငံ၏ကိုယ်ပိုင်လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဆွစ်ဇာလန်နိုင်ငံသည် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် စစ်မက်ဖြစ်ပွားခြင်းမရှိဘဲ နိုင်ငံရေးအခြေအနေတည်ငြိမ်သည့်အတွက် ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားကာ ဆွစ်နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရခြင်းဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ။


**ကျမ်းကိုး**

https://www.eda.admin.ch/aboutswitzerland/en/home.html

https://www.parlament.ch/en/organe/groups/parties-in-parliament

https://www.nationsencyclopedia.com/Europe/Switzerland-POLITICAL-PARTIES.html

https://www.ch.ch/en/demokratie/votes/how-to-complete-a-ballot-paper-correctly/

https://www.ch.ch/en/demokratie/political-rights/

https://www.admin.ch/gov/en/start/federal-council/election-federal-council.html

https://www.electionguide.org/countries/id/207/

https://www.parlament.ch/en

https://www.bk.admin.ch/bk/de/home/politische-rechte/volksinitiativen.html

https://www.politico.eu/europe-poll-of-polls/switzerland/

https://borgenproject.org/education-in-switzerland/

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုး လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ မြို့မဘုန်းတော်ကြီးကျောင်း၊ ကောင်းမှုလျှံဘုန်းတော်ကြီးကျောင်း၊ ဆိုက်ခေါင် ဘုန်းတော်ကြီးကျောင်း၊ အောင်မင်္ဂလာတပ်ဦးဘုန်းတော်ကြီးကျောင်း၊ ဇေယျသုခဘုန်းတော်ကြီးကျောင်း၊ ကောင်းဆန်း ဘုန်းတော်ကြီးကျောင်း၊ ဝမ်ဟုန်ပြန့်ဘုန်းတော်ကြီးကျောင်း၊ မိုက်ညောင် ဘုန်းတော်ကြီးကျောင်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ ဥဒါဟရဏ်စာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ Covid-19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ဥဒါဟရဏ်စာသင်တိုက်တို့မှ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် အဆိုပါ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ



အား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စိုက်ပျိုးမွေးမြူရေးရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်




နေပြည်တော် ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများကို ကျောင်းဝတ်စုံများ၊ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆရာ၊ ဆရာမ ၃၇ ဦးအတွက် ကျောင်းဝတ်စုံ ၃၇ စုံနှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်အိမ်ထောင်စု ၆၄ စုတို့အတွက် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၆

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၆

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၆၈၅၉ ဦးနှင့် အတွင်းလူနာပေါင်း ၇၇၅၀၆ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။



ယင်းလူနာများ အနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၃၇၁ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၆၅၄၃ ဦး စုစုပေါင်း ၁၈၉၁၄ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၂၆၆ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၉၁၂ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၅၁၇၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

လက်ရည်စစ်ပွဲ အောင်မြင်သူများအပြင် တိုက်ကြီးများအလိုက် သက်ဆိုင်ရာ အိုလံပစ်ကော်မတီများ၏ တင်ပြမှုကြောင့် ရွေးချယ်ခံရသည့် ကစားသမားအချို့လည်း ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်သည်။ အိုလံပစ်အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ သြဂုတ် ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းတို့မှ နှစ်ဦးစီ၊ အိန္ဒိယ၊ ကနေဒါ၊ တရုတ် (တိုင်ပေ)၊ အမေရိကန်၊ ဒိန်းမတ်၊ ရုရှား၊ ဂရိတ်ဗြိတိန်၊ မလေးရှား၊ တူရကီ၊ ဟောင်ကောင်၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဗီယက်နမ်၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ အက်စ်တိုးနီးယား၊ မြန်မာ၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယား၊ သြစတြေးလျ၊ ပီရူး၊ နိုင်ဂျီးရီးယား၊ ဆလိုဗက်ကီးယား၊ ဘရာဇီး၊ မက္ကဆီကို၊ ပါကစ္စတန်၊ မော်လ်ဒိုက်၊ ယူကရိန်း၊ စပိန်၊ အီရန်၊ ဂွါတီမာလာနှင့် အီဂျစ်တို့မှ တစ်ဦးစီ ယှဉ်ပြိုင်ခွင့်ရရှိထားသည်။

သက်ထားသူဇာသည် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက ကြိုးပမ်းခဲ့ပြီး လက်ရည်စစ်ပွဲအောင်မြင်သဖြင့် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ၂၀၁၉ ခုနှစ်မှစတင်ကာ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ပြုလုပ်သည့် လက်ရည်စစ်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး သတ်မှတ်ထားသည့် အဆင့်အတွင်း ဝင်ရောက်ခဲ့သဖြင့် လက်ရည်စစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် အိုလံပစ်ဝင်ခွင့် လက်ရည်စစ်ပွဲကာလအတွင်း စုစုပေါင်းပြိုင်ပွဲ ၁၅ ခု ယှဉ်ပြိုင်ခဲ့ပြီး ရမှတ် ၂၃၆၅၀ ရရှိခဲ့သည်။ သက်ထားသူဇာသည် ကပ်ရောဂါကြောင့် ၂၀၂၀ ဖေဖော်ဝါရီလကုန်အထိသာ ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့ရပြီး ယင်းနောက်ပိုင်း ပြိုင်ပွဲများမယှဉ်ပြိုင်ရသည်မှာ တစ်နှစ်ကျော်ကြာမြင့်နေပြီဖြစ်သည်။

ရဲရင့်လွင်

# ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး လူမှုရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဇူလိုင် ၆**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ လူမှုရေးအသင်းအဖွဲ့အသီးသီးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုအားကောင်း ခိုင်မာလာစေရေးအတွက် ပြည်နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ လူမှုရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (ယာပုံ)




### ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးမည်

ယင်းနောက် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်ကမိမိတို့ ကချင်ပြည်နယ်အတွင်း ရောဂါပိုးတွေ့ရှိသူယနေ့အထိ စုစုပေါင်း ၁၃၂၅ ဦးနှင့် သေဆုံးသူ ၆ ဦးထိရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိမှုအနေဖြင့် ဇူလိုင် ၁ ရက်မှစတင်၍ ကျဆင်းမသွားဘဲ ဆက်လက်ပြန့်ပွားလာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအသီးသီးတို့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ချိတ်ဆက်၍ အတူတကွဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် မိမိတို့အနေဖြင့်လည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်လင်းအောင်က ပြည်နယ်အတွင်း ကိုဗစ်ပိုးတွေ့ရှိမှုအခြေအနေများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုဌာနမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များနှင့် ပြည်နယ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ပြည်နယ်ကော်မတီအဖွဲ့ဝင်၊ ပြည်နယ်ပြည်သူ့ကျန်းမာ/ကုသရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက ပြည်နယ်အတွင်း ကုသရေး၊ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါပိုးစစ်ဆေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့မှ လူမှုရေးအသင်းအဖွဲ့များနှင့် ဖောင်ဒေးရှင်များအတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းနှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီအတွက် ထောက်ပံ့ငွေကျပ် ၂ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှာ ကိုဗစ်ရောဂါပိုး စတင်ဖြစ်ပွားခဲ့သည့် အချိန်မှစတင်၍ ယခုနှစ် ၂၀၂၁ ခုနှစ် ဇူလိုင် ၄ ရက်အထိ ၁၃၂၅ ဦး ကူးစက်ခံရပြီး သေဆုံးသူ ၆ ဦးထိရှိကြောင်းနှင့် ပြည်နယ်အတွင်း မေလနောက်ဆုံးပတ်မှစတင်၍ ဇူလိုင် ၄ ရက်အထိ ကိုဗစ်ရောဂါ ထပ်တိုးကူးစက်မှုခံရသူဦးရေ ၁၈၈ ဦး၊ သေဆုံးသူ ၄ ဦးတိုးလာကြောင်း ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရှိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



**ပုသိမ် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ (၁၇/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ ၁ ၌ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ဝဲပုံ)

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု များပြားလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သံသယလူနာများထားရှိရန်အတွက် Quarantine Center များ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား ကုသပေးနေမှုအခြေအနေများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်း တို့က ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များက ဆက်လက် ဆွေးနွေးတင်ပြခဲ့ကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့်**

*○ ကျောဖုံးမှ*

ဖန်တီးပေးမှုမှတစ်ဆင့် ပါကွီတာက သွင်းယူပေးနိုင်ခဲ့သည်။ ပီရူးအသင်းသည် ဘရာဇီးအသင်းအပေါ် ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသောကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲကို ဆီမီးဖိုင်နယ်အဆင့်နှင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

အိမ်ရှင်ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ချီလီအသင်းနှင့် တွေ့ဆုံခဲ့ကာ ပွဲကစားချိန် ၄၆ မိနစ်တွင် ရရှိခဲ့သော ပါကွီတာ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် ပီရူးအသင်းက အဆိုပါအဆင့်တွင် ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်တွင် ဘရာဇီးအသင်းသည် ကစားကွက် အသာစီးရယူကာ ပီရူးအသင်းကို ဖိအားပေး ကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် အသင်းမှ နေမာနှင့် ပါကွီတာတို့ ခြေစွမ်းပြသထားနိုင်သည်ကို တွေ့ရသည်။ ဘရာဇီးအသင်းသည် ပြီးခဲ့သည့် ကွာတားဖိုင်နယ်တွင် ပါကွီတာ၏ သွင်းဂိုးတစ်ဂိုးတည်းဖြင့် ပြိုင်ဘက်ကို အနိုင်ရရှိခဲ့သလို ယခုဆီမီးဖိုင်နယ်ပွဲစဉ်တွင်လည်း အဆိုပါ ကစားသမား၏ သွင်းဂိုးတစ်ဂိုးတည်းဖြင့်ပင် ပြိုင်ဘက်ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလား ဗိုလ်လုပွဲတွင် အာဂျင်တီးနားနှင့် ကိုလံဘီယာအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါ ကိုပါအမေရိကဖလား ဗိုလ်လုပွဲကိုလာမည့် ဇူလိုင် ၁၁ ရက်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလား၏ လက်ရှိချန်ပီယံဖြစ်ပြီး ၂၀၁၉ ခုနှစ်က (၉) ကြိမ်မြောက် ဆွတ်ခူးထားသည်။ ထို့ကြောင့် ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြိုင်ဘက်ကို အနိုင်ယူကာ (၁၀) ကြိမ်မြောက် ဆွတ်ခူးသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ ထို့အပြင် လက်ရှိ ကိုပါအမေရိကဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံးစာရင်းတွင် မက်ဆီက လေးဂိုးဖြင့် ဦးဆောင်နေပြီး ၎င်းနောက်တွင် နေမာက သုံးဂိုးဖြင့် ရပ်တည်နေသည်။

**အောင်ဇော်**

# ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်များအတွင်းရှိ မြို့များ၌ Mask များ ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၆**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၊ ဟင်္သာတခရိုင် မြန်အောင်မြို့၊ မြောင်းမြခရိုင် မြောင်းမြမြို့၊ အိမ်မဲမြို့၊ ဖျာပုံခရိုင် ဖျာပုံမြို့၊ ကျိုက်လတ်မြို့နှင့် ဒေးဒရဲမြို့များရှိ လူစည်ကားရာ ဘုရားစေတီများ၊ ဈေးများ၊ လမ်းများ၌ ပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ Mask ၁၃၈၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့သွားရောက်ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သမိုင်းသင်ခန်းစာများမှ တစ်ဆင့် . . .

**စာချစ်သူ**

**ကာလကို ကာလကစားရင်း အချိန်တို့သည် တရွေ့ရွေ့ကူးပြောင်းလာသည်မှာ ယခုဆို ဇူလိုင်လသို့ ရောက်ခဲ့ချေပြီ။ ဇူလိုင်လသည် မြန်မာပြည်၏ မိုးဥတုရာသီဖြစ်၍ ဝဋ္ဋာတစ်ခွင်သည် အုံ့ဆိုင်းမှုန်မှိုင်းဝေရီလေ့ရှိသည်။ ဤလ၊ ဤအခါတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည်။**

ခေတ်တွေ ဘယ်သို့ပြောင်းသော်လည်း မျိုးဆက်အဆက်ဆက်သည် အာဇာနည် ခေါင်းဆောင်ကြီးများကို လွမ်းတသသဖြစ်ကြသည်။ အာဇာနည်ကြီးများ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ၁၉ ဇူလိုင်ကို မမေ့နိုင်ကြချေ။

သို့တစေ ကျွန်တော်အပါအဝင် အများစုသည် အာဇာနည်ကြီးများကို လုပ်ကြံသတ်ဖြတ်ခဲ့သူ ဦးစောနှင့် အပေါင်းပါတို့ကိုသာ တရားခံဟု မြင်ကြသည်။ လက်သည် တရားခံအစစ် လူသတ်ဝါဒကို မေ့လျော့နေကြသည်။

Assassination ဟူသည့် အင်္ဂလိပ်စကားလုံးသည် မြန်မာဘာသာဖြင့် "လုပ်ကြံမှု" သို့မဟုတ် "လုပ်ကြံသတ်ဖြတ်ခြင်း"ဟု အဓိပ္ပာယ်ရသည်။ "လုပ်ကြံသတ်ဖြတ်သည်" သို့မဟုတ် "ချောင်းမြောင်းသတ်ဖြတ်သည်"ဟု အနက်အဓိပ္ပာယ်ရသော Assassinate မှ လာသည်။ "လုပ်ကြံသတ်ဖြတ်သူ"၊ "ချောင်းမြောင်း သတ်ဖြတ်သူ" ကိုမူ Assassin ဟုခေါ်သည်။

## ကမ္ဘာ့သမိုင်းတွင် အထူးခြားဆုံး

ကမ္ဘာ့သမိုင်းတွင် အထူးခြားဆုံးနှင့် အထင်ရှားဆုံးဖြစ်ခဲ့သည့် ပထမဆုံးလုပ်ကြံသတ်ဖြတ်မှုမှာ ဘီစီ ၄၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော "ဂျူးလီးယက်ဆီဇာ"အား လုပ်ကြံသတ်ဖြတ်မှုဖြစ်သည်။ ဂျူးလီးယက်ဆီဇာကို သူ့နိုင်ငံရေးပြိုင်ဘက် အတိုက်အခံများက ဆီးနိတ်လွှတ်တော်တွင်း၌ ဓားနှင့်ထိုး၍ သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျူးလီးယက်ဆီဇာသည် ရောမ၏ တန်ခိုးအာဏာစက်ကို မြောက်ဘက်တစ်လွှားသို့ တိုးချဲ့ပျံ့နှံ့ရန် အားထုတ်လျက်ရှိသော ရောမဗိုလ်ချုပ်တစ်ဦးဖြစ်သည်။ သူသည် ရောမအင်ပါယာတစ်ခုကို တည်ထောင်နိုင်မည့်အလားအလာရှိသူဖြစ်သည်။ သူ၏ အောင်မြင်မှုများသည် ဩဇာအရှိန်အဝါ ကြီးမားလှ၏။ ၁၀ နှစ်တာကာလမျှ ရောမ၏ အာဏာရှင်အဖြစ် ရပ်တည်ခဲ့၏။ ယင်းအချက်သည် ဆီဇာ့အပေါ် မလိုလားသူတို့အတွက် အကွက်ကောင်းတစ်ခုဖြစ်လာသည်။

ထိုနေ့သည် ကောင်းကင်ယံ၌ မိုးသားများ တက်နေသဖြင့် မှောင်မည်းနေသည်။ လျှပ်စီးတွေကလည်း တဝင်းဝင်း တလက်လက်၊ မိုးခြိမ်းသံများကလည်း အဆက်မပြတ်။ ဆီးနိတ်လွှတ်တော်၏ အပြင်ဘက်တွင် လေသည်လည်း ပြင်းထန်စွာ တိုက်ခတ်လျက်ရှိ၏။ ထိုနေ့ ထိုရက် ထိုအချိန်မှာပင် ဆီးနိတ်လွှတ်တော်အတွင်းရှိ ပွမ်ပေရုပ်တုခြေရင်း၌ ဘရူးတပ် ဦးဆောင်သော လူတစ်စုက ဆီဇာကို ဓားမြှောင်များဖြင့်ဝိုင်း၍ထိုးသတ် လုပ်ကြံခဲ့ကြသည်။

ဆီဇာအား လုပ်ကြံသတ်ဖြတ်သူများထဲတွင် အများစုမှာ ဆီဇာ၏ မိတ်ဆွေများ ဖြစ်သည်။ အထူးသဖြင့် သူလဲကျသွားချိန်တွင် သူ့နှုတ်မှ **"ဘရူးတပ်ရယ်၊ ဒီလူစုထဲမှာ မင်းလည်းပါသကိုး"**ဟူသော စကားတစ်ခွန်း ထွက်လာခဲ့သည်ဟု ဆိုသည်။ ထိုစကားသည် အံ့သြခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်း အပြည့်ပါနေသည့်စကားဖြစ်သည်ဟုလည်း ဆိုသည်။ တကယ်တော့ လုပ်ကြံသူများအား ဦးဆောင်ခဲ့သူ ဘရူးတပ်သည် ဆီဇာ၏ အရင်းနှီးဆုံးသော မိတ်ဆွေတစ်ဦးလည်း ဖြစ်သည်။

## မမေ့အပ်သော ပုဂ္ဂိုလ်တစ်ဦး

ဆီဇာသည် ရောမ၏ မျက်လုံးများကို မြေထဲပင်လယ်ဒေသအပေါ် စူးစိုက်နေရာမှ ဥရောပမြောက်ပိုင်းဆီသို့ စိတ်ဝင်တစားလှမ်းမျှော်ကြည့်ရှုလာစေရန် အားထုတ်ခဲ့သူဖြစ်သည်။ သူသည် သူ့အရိုက်အရာကို ဆက်ခံသောသူ့တူ **"ဩဂတ်စတပ်"** အား ကြီးမားကျယ်ဝန်းသော ရောမအင်ပါယာကြီးတည်ထောင်နိုင်ရန် လမ်းခင်းပေးသူဖြစ်သည်။ ထို့ကြောင့် သူ့အားရောမသမိုင်းတွင် မမေ့အပ်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

ဂျူးလီးယက်ဆီဇာအား လုပ်ကြံသတ်ဖြတ်ခြင်းမှသည် နောင်တွင် အစဉ်အလာ တစ်ခုလို ဖြစ်သွားခဲ့သည်။ ဤလုပ်ကြံမှုဖြစ်ပွားခဲ့ပြီးသည့်နောက်ပိုင်းတွင် ရောမသမိုင်းသည် နိုင်ငံရေး လုပ်ကြံသတ်ဖြတ်မှုများဖြင့် ပြည့်နှက်လာခဲ့သည်။ နှစ်ပေါင်း ၄၀၀ အတွင်း ရောမအင်ပါယာအတွင်း၌ အလွန်ထူးခြားထင်ရှားသည့် နိုင်ငံရေးသမားအများအပြားနှင့် နောက်ပိုင်းဆက်ခံသည့် အင်ပါယာဘုရင် ၂၀ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရလေသည်။

## နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်

နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်မှုသည် မြေထဲပင်လယ်ဒေသမှ နိုင်ငံများသို့လည်း ကူးစက်ပျံ့နှံ့သွားသည်။ သမိုင်းမှတ်တမ်းများအရ ခေတ်ဦးပိုင်းက ပုပ်ရဟန်းမင်းကြီးများ၊ နော်ဝေနိုင်ငံမှ ဘုရင်မဟာဟားကွန်၊ ဒုတိယမြောက်ဘုရင် စတိန်း၊ ဒုတိယမြောက် ဟားကွန်၊ စကော့တလန်မှ ပထမမြောက် ဒွန်ကန်ဘုရင်၊ မတ်ဘတ်ဘုရင်၊ ဒိန်းမတ်နိုင်ငံမှ ဘုရင် စတုတ္ထမြောက် ကနူတီ၊ အင်္ဂလန်နိုင်ငံမှ ဘုရင် ဝီလျံရူးပိစ်၊ ဒုတိယမြောက် အက်ဒ်ဝပ်ဒ် ဘုရင်၊ အသက်ဆယ့်လေးနှစ်မျှသာရှိသေးသော စတုတ္ထမြောက် အက်ဒ်ဝပ်ဒ် ဘုရင်တို့မှာလည်း လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ကြရသည်။

အေဘရာဟမ်လင်ကွန်း၊ ဂျိမ်းစ်ဂါဖီးလ်၊ ဝီလျံမက္ကင်းလေး၊ ဂျွန်အက်ဖ်ကနေဒီ၊ ရောဘတ်ကနေဒီ၊ မဟတ္တမဂန္ဒီ၊ အင်ဒီရာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ၊ မာတင်လူသာကင်း၊ အန်ဝါဆဒတ်၊ ဂျွန်လင်နွန်၊ ယစ်ဇတ်ရာဘင် စသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ထင်ရှားကျော်ကြားသူများသည်လည်း လူသတ်ဝါဒကို ကိုင်စွဲထားကြသည့် အကြမ်းဖက်သမားများ၏ သားကောင်ဖြစ်ခဲ့ကြရရှာသည်။

သီအိုဒိုရုစဗဲ့၊ ဟာရီအက်စ်ထရူးမင်း၊ ဂါရဲရူးဒွေါဖ်ဖို့ဒ်၊ ရော်နယ်ရီဂင် စသည့် အမေရိကန်သမ္မတများ၊ ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ၊ ပြင်သစ်သမ္မတ ချားလ်စ်ဒီဂေါ၊ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်စသည်တို့မှာမူ အကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ်မှုကို ခံခဲ့ရသော်လည်း ကံသီ၍ အသက်ဘေးမှ လွတ်ကင်းခဲ့ကြလေသည်။

ကမ္ဘာ့သမိုင်းတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံရသူများ စာရင်းကို စေ့ငုကြည့်မည်ဆိုပါလျှင် အရေအတွက်အားဖြင့် အများအပြား ရှိလိမ့်မည်ဖြစ်သည်။ နိုင်ငံရေးကို အကြောင်းပြု၍ သတ်ဖြတ်သော လုပ်နည်းလုပ်ဟန်သည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ခန့်ကတည်းက အခြေတည်လာခဲ့သည်။ လုပ်ကြံမှုကို ကျူးလွန်သော လူသတ်သမားများသည် နိုင်ငံအတွင်း၌ သမိုင်းကြောင်း အပြောင်းအလဲရှိလာလိမ့်မည်ဟု မျှော်လင့်သဖြင့် လုပ်ကြံသတ်ဖြတ်သူများရှိသကဲ့သို့ အချို့က ထင်ပေါ်ကျော်ကြားလို၍၊ အချို့က ပုဂ္ဂိုလ်ရေးမုန်းတီးမှု အာဃာတထား၍၊ အချို့က စိတ်ကျန်းမာရေးချို့ယွင်း၍၊ အချို့က အစွန်းရောက်၍ အကြောင်းအမျိုးမျိုးဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

## လူသတ်ဝါဒကို မျိုးစေ့ချ

**ပစ္စုပ္ပန်မြန်မာနိုင်ငံတွင်လည်း လူသတ်ဝါဒသည် မည်သည့်ခေတ်နှင့်မျှ မတူအောင် မကြုံစဖူးခေါင်းထောင်ထလာသည်။ အကြမ်းဖက်ဝါဒီများသည် မသိနားမလည်သော၊ အစွန်းရောက်သော လူငယ်အချို့ကို မြှောက်ပင့်စေခိုင်း၍ အကြမ်းဖက်လမ်းစဉ် လူသတ်ဝါဒကိုမျိုးစေ့ချပေးလျက်ရှိသည်။**

အထူးသဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ကျိုး ရွာကျိုးသယ်ပိုးထမ်းဆောင်နေကြသူ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များကို သူလျှိုဒလန်များဟု စွပ်စွဲ၍ မကြာခဏ ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်လျက်ရှိသည်။

လူသတ်ဝါဒသည် နယ်ပယ်ကျယ်လာသည်နှင့်အမျှ၊ လုပ်ကြံသတ်ဖြတ်မှုများသည် ခပ်စိတ်စိတ်ဖြစ်လာသည်နှင့်အမျှ အပြစ်မဲ့ပြည်သူများမှာ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ တထိတ်ထိတ် တလန့်လန့် စိုးရိမ်သောကဖြစ်ကြရသည်။

> ❍ တကယ်တော့ မိမိထက် အဘက်ဘက်က သာလွန်နေ၍ မစားရသည့်အမဲ သဲနှင့်ပက်သည့် လုပ်ကြံသတ်ဖြတ်သောနည်းသည် စက်ဆုပ် ရွံ့ရှာဖွယ်ကောင်းလောက်အောင် ဆိုးရွားသောနည်းဖြစ်သည်။ တစ်နည်းအားဖြင့် စိတ်နေစိတ်ဓာတ်ယုတ်ညံ့ခြင်းနှင့် အောက်တန်းကျခြင်းများကို ဖော်ပြသောနည်းဖြစ်သည်

> ❏ ပစ္စုပ္ပန်မြန်မာနိုင်ငံတွင်လည်း လူသတ်ဝါဒသည် မည်သည့်ခေတ်နှင့်မျှ မတူအောင် မကြုံစဖူး ခေါင်းထောင်ထလာသည်။ အကြမ်းဖက်ဝါဒီများသည် မသိနားမလည်သော၊ အစွန်းရောက်သော လူငယ်အချို့ကို မြှောက်ပင့်စေခိုင်း၍ အကြမ်းဖက်လမ်းစဉ် လူသတ်ဝါဒကိုမျိုးစေ့ချပေးလျက်ရှိသည်

တစ်နေ့က စက်ဘီးဘီးပေါက်သံကိုပင် အနီးနားရှိ လက်ဖက်ရည်ဆိုင်ထဲရှိ လူအချို့ ထိတ်လန့်တကြား အမယ်လေးတကြသည်။ လက်ဖက်ရည်ထိုင်သောက်နေသူအဒေါ်ကြီး တစ်ဦးကမူ **"နင့်စက်ဘီးကလည်း ပေါက်စရာရှားလို့ ဒီနားလာပေါက်ရသလား၊ အလိုလိုနေရင်း လန့်ပါတယ်ဆိုမှ"**ဟု ဆိုလေသည်။

**"ရုံးသွားရတာ စိတ်ထဲမှာ မလုံခြုံဘူးဖြစ်နေတယ်၊ ကိုယ့်နောက်ကျောမှာ လူလာရပ်ရင် နောက်ကျောမလုံဘူး"** ဟု ရပ်ကွက်ထဲက ညီမငယ်တစ်ဦးကလည်း ရင်ဖွင့်သည်။

ပုထုဇဉ်လူသားမှန်သမျှ အကြောက်တရားနှင့် မကင်းနိုင်ကြ။ သတ္တဝါတိုင်း ကြောက်ကြသည်။ အထူးသဖြင့် ဘယ်ရပ်ကွက်၊ ဘယ်မြို့၊ ဘယ်နယ်မှာ သူလျှိုဒလန်တစ်ဦးကို သေနတ်နှင့် ချောင်းမြောင်းပစ်ခတ်လုပ်ကြံလိုက်ပြီဟူသည့်သတင်းများ မြင်ရကြားရလျှင် အပြစ်မဲ့ ပြည်သူတို့သည် မိမိကိုလည်း ထိုကဲ့သို့ မဟုတ်တမ်းတရားစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခံရလေမလားဟု ကျီးလန့်စာစားဖြစ်ကြရသည်။

## ပြည်သူအများ စိတ်ပျက်

ဆိုင်ကယ်သံကြားလျှင်၊ ဘေးက ကားတစ်စီးဖြတ်သွားလျှင်၊ ကိုယ့်နောက်ကျောတွင် လူစိမ်းတစ်ယောက် နှစ်ယောက်ကပ်လာလျှင်၊ အို … မြင်သမျှ ကြားသမျှ အရာရာသည် ကြောက်ရွံ့စရာတွေချည်း ဖြစ်လို့နေသည်။ လူသတ်ဝါဒကို အားပေးအားမြှောက်ပြု၍ **"ဒန်ပေါက်ကျွေးလိုက်ပါ"** ဟု လေလှိုင်းထဲမှ စေခိုင်းသူ အကြမ်းဖက်လော်ဘီများ၊ ကာယကံမြောက် လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် လူသတ်ဝါဒကို ပြုလုပ်ဖန်တီးသူ အကြမ်းဖက်သမားများ၊ အပြစ်မဲ့ပြည်သူတစ်ယောက် လုပ်ကြံသတ်ဖြတ်ခံရပြီး သေကျေပျက်စီးသည်ကို လူမှုကွန်ရက်စာမျက်နှာထက်တွင် အားရဝမ်းသာဖြစ်နေကြသည့် ဝန်းရံထောက်ခံသူများမှအပ အကြမ်းဖက်လူသတ်ဝါဒကို ပြည်သူအများ စိတ်ပျက်မုန်းတီးရွံ့ရှာလာကြချေပြီ။

**ရှေးအတီအတေကတည်းက ရိုးသားသော၊ စိတ်ထားဖြူစင်သော၊ ဘာသာတရားအဆုံးအမဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်လာခဲ့သော မြန်မာ့လူ့အဖွဲ့အစည်းသည် ယခုများ လူသတ်ဝါဒကြောင့် တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာစိတ်များဖြင့် ပြည့်နှက်နေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။**

မကြာမီ ၁၉ ဇူလိုင်အာဇာနည်နေ့သို့ရောက်တော့မည်။ အကြမ်းဖက်လူသတ်ဝါဒ၏ သားကောင်ဖြစ်ခဲ့ရရှာသူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ အသက်သွေးတို့ဖြင့် ရင်း၍ပြသခဲ့သည့် သမိုင်းသင်ခန်းစာကို ကျွန်ုပ်တို့ မမေ့သင့်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လူသတ်ဝါဒကို လုံးဝအလျှဉ်း လက်မခံခဲ့သူဖြစ်သည်။ အာဇာနည်ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ခဲ့သူ ဂဠုန်ဦးစောသည်လည်း ကနဦးသေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရဖူးသည်။

ဒဏ်ရာအနည်းငယ်သာရ၍ ဆေးဝါးကုသမှုခံယူစဉ် ဗိုလ်ချုပ်သည် ဆေးရုံသို့ လူနာမေးသွားရင်း "မြန်မာပြည်လို ခေါင်းဆောင်ရှားပါးတဲ့နိုင်ငံမှာ လူသတ်ဝါဒမထွန်းကားစေချင်ဘူး" ဟု ဆိုကာ လုပ်ကြံသတ်ဖြတ်မှုကို ပြစ်တင်ရှုတ်ချခဲ့လေသည်။ ဦးစောကမူ သူ့ကိုလုပ်ကြံရန် စေခိုင်းသူမှာ ဗိုလ်ချုပ်ပင်ဟု အထင်မှားကာ မဲ့ပြုံးပြုံးရင်း အာဃာတထားခဲ့လေသည်။

*စာမျက်နှာ ၁၁ သို့*

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်နှင့် လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဟောင်း ဦးဇာနည်အောင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က မန္တလေးတိုင်းဒေသကြီးအတွင်း စီမံကိန်းဧရိယာနှင့် ဆက်စပ်သည့် လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်ရရှိရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရေးတို့အတွက် ဆောင်ရွက်ရသည့် ဆက်စပ်ကုမ္ပဏီတစ်ခုထံမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ထိုင်းဘတ်ငွေ တစ်သိန်းနှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ထိုင်းဘတ်ငွေ နှစ်သိန်း၊ စုစုပေါင်း ထိုင်းဘတ်ငွေ သုံးသိန်းပေးအပ်ခြင်းကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း။

ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းကို လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုက ဆေးကုသစရိတ်အကြောင်းပြု၍ ၂၀၁၉ ခုနှစ်တွင် ငွေကျပ်သိန်း ၃၅၀၊ ၂၀၂၀ ပြည့်နှစ်တွင် ငွေကျပ် သိန်း ၃၀၀ ၊ စုစုပေါင်း ငွေကျပ်သိန်း ၆၅၀ ပေးအပ်ခြင်းကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်း ဖြစ်ကြောင်း။

ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်အတွင်း ထိုင်းနိုင်ငံ ဘန်ရွမ်ဂရက်(စ်) ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် မန္တလေးတိုင်းဒေသကြီးအတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ငန်းရှင်တစ်ဦးက လာရောက်တွေ့ဆုံပြီး ဆေးကုသစရိတ်အကြောင်းပြု၍ အမေရိကန်ဒေါ်လာ တစ်သိန်းကို သုံးကြိမ်ခွဲ၍ ပေးအပ်ခဲ့ခြင်းကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခြင်း ဖြစ်ကြောင်း။

**စည်းမျဉ်းများကို ဖောက်ဖျက်**

ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရက စီမံခန့်ခွဲခွင့်ရှိသည့် မြေနေရာ ၀ ဒသမ ၀၁၇၁ ဧက ကို မြင်းခြံခရိုင်/မြို့နယ် NLD ပါတီရုံးအတွက် ချထားပေးခဲ့ရာ ပြည်တွင်းအခွန်များဦးစီးဌာနက တွက်ချက်မှုအရ အနည်းဆုံး ကာလပေါက်ဈေး တန်ဖိုးငွေကျပ် ၉၄၁ သိန်း တန်ဖိုးရှိသော မြေကွက်ကို တည်ဆဲဥပဒေ စည်းမျဉ်းများကို ဖောက်ဖျက်၍ တန်ဖိုးငွေကျပ် ၅ သိန်းကျော်ကိုသာ ပေးသွင်းစေခဲ့သဖြင့် နိုင်ငံတော်မှ ငွေကျပ်သိန်း ၉၃၀ ကျော် ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ပြင်ဦးလွင် မြို့နယ်ပါတီရုံးအတွက် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲရမည့် မြေ ၀ ဒသမ ၁၇၂ ဧကကို ခွင့်ပြုချထားပေးခဲ့ရာ ပြည်တွင်းအခွန်များဦးစီးဌာနမှ အနည်းဆုံးကာလပေါက်ဈေး တန်ဖိုးငွေကျပ်သိန်း ၂,၅၈၀ တန်ဖိုးရှိသော မြေကွက်အတွက် တည်ဆဲဥပဒေ စည်းမျဉ်းများကို ဖောက်ဖျက်၍ ငွေကျပ် ၆၁ သိန်းကျော်ကိုသာ မြေဖိုးပေးသွင်းစေခဲ့ရာ နိုင်ငံတော်မှ ငွေကျပ်သိန်း ၂၅၀၀ ကျော် နစ်နာဆုံးရှုံးစေခဲ့ကြောင်း၊

ခေတ္တဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဟောင်း ဦးဇာနည်အောင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်မြေသာစံမြို့နယ်ရုံးအတွက် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲရမည့် မြေနေရာ ၀ ဒသမ ၂၁၆၄ ဧက ချထားပေးခဲ့ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ အနည်းဆုံးကာလပေါက်ဈေး တန်ဖိုးငွေကျပ် ၉၃၁ သိန်း တန်ဖိုးရှိသော မြေကွက်ကို တည်ဆဲဥပဒေ စည်းမျဉ်းများကို ဖောက်ဖျက်၍ မြေဖိုးငွေကျပ်သိန်း ၁၁၀ ကျော်ကိုသာ ပေးသွင်းစေခဲ့သဖြင့် နိုင်ငံတော်မှငွေကျပ်သိန်း ၈၁၀ ကျော် နစ်နာဆုံးရှုံးစေခဲ့ကြောင်းနှင့် ချမ်းအေးသာစံ မြို့နယ် NLD ပါတီရုံးမြေနေရာအတွက် ၀ ဒသမ ၀၈၂၆ ဧကကို ချထား ပေးခဲ့ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက အနည်းဆုံးကာလ ပေါက်ဈေး တန်ဖိုးငွေကျပ် ၅၉၅ သိန်း တန်ဖိုးရှိသော မြေကွက်ကို တည်ဆဲဥပဒေ စည်းမျဉ်းများကို ဖောက်ဖျက်၍ ငွေကျပ် ၅၃ သိန်းကျော် ကိုသာ မြေဖိုးပေးသွင်းစေခဲ့ရာ နိုင်ငံတော်မှ ငွေကျပ်သိန်း ၅၄၀ ကျော် နစ်နာဆုံးရှုံးစေခဲ့ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးဟောင်း ဦးဇာနည်အောင်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ် (၁) နယ်မြေ ရဲစခန်းတွင် ဇူလိုင် ၆ ရက်၌ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် စုံစမ်း စစ်ဆေးရေးအဖွဲ့မှ သိမ်းဆည်းခဲ့သည့် သတ္တုဖွံ့ဖြိုးရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်အပ်နှံထားသည့် ငွေကျပ်သိန်း ၈၅၀၀ ကျော်ပါ ဘဏ်စာအုပ်နှင့် ငွေသားကျပ်သိန်း ၄၅၀ တို့ကိုလည်းကောင်း၊ အမေရိကန်ဒေါ်လာ နှစ်သောင်းနှင့် ထိုင်းဘတ်ငွေ ငါးသိန်းတို့ကိုလည်းကောင်း ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဟုမ္မလင်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ( ဟောင်း ) ၏ နေအိမ်တွင် ဆန္ဒမဲလက်မှတ်စာအုပ်များနှင့် UEC တံဆိပ်တုံးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဟုမ္မလင်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးဘိုချစ်၏ နေအိမ်၌ လက်လုပ်ဗုံးများ စုဆောင်းထားကြောင်း သတင်းအရ ဇူလိုင် ၂ ရက်တွင် လုံခြုံရေး ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်စောင်ရေ (၅၀)ပါ ဆန္ဒမဲလက်မှတ် စာအုပ် ၂ အုပ်နှင့် ဆန္ဒမဲပေးရာတွင် အသုံးပြုခဲ့သော UEC တံဆိပ်ပါ တံဆိပ်တုံး ၃ ခု သိမ်းဆည်းရမိခဲ့သည်။ ဦးဘိုချစ်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး သိမ်းဆည်းရမိခဲ့သော ရွေးကောက်ပွဲသုံး ပစ္စည်းများကို ဟုမ္မလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် အပ်နှံထားကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဟုမ္မလင်းမြို့နယ်၏ ဆန္ဒမဲလက်မှတ်များကို မြေပြင်စစ်ဆေးခဲ့စဉ်က ပျောက်ဆုံးဆန္ဒမဲလက်မှတ် ၇၈၂၂ စောင်နှင့် အပို ၃၈၅၇ စောင်ရှိကြောင်း မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသော ဆန္ဒမဲလက်မှတ်စာအုပ်များနှင့် UEC တံဆိပ်တုံးများကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

ထို့နောက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များကို သူ့ကိုလုပ်ကြံခဲ့စဉ်က ဂျစ်ကားအတိုင်း၊ စစ်ဝတ်စုံယူနီဖောင်းအတိုင်း တပည့်လက်ပါးစေများကို ဆင်မြန်း၍ လုပ်ကြံသတ်ဖြတ်ခိုင်းခဲ့လေသည်။

**တကယ်တော့ မိမိထက် အဘက်ဘက်က သာလွန်နေ၍ မစားရသည့်အမဲ သဲနှင့်ပက်သည့် လုပ်ကြံသတ်ဖြတ်သောနည်းသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းလောက်အောင် ဆိုးရွားသောနည်းဖြစ်သည်။ တစ်နည်းအားဖြင့် စိတ်နေစိတ်ခါတ် ယုတ်ညံ့ခြင်းနှင့် အောက်တန်းကျခြင်းများကို ဖော်ပြသောနည်းဖြစ်သည်။**

**လူသတ်ဝါဒအမြစ်မတွယ်စေဖို့**

**သို့ဖြင့် အသိဉာဏ်တိုးတက်မြင့်မား၍ ယဉ်ကျေးသော လူ့အဖွဲ့အစည်းတိုင်းက ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်သော လူသတ်ဝါဒကို ဆန့်ကျင်ရှုတ်ချကြရပေမည်။ အထူးသဖြင့် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ ပြည်မြန်မာတွင် လူသတ်ဝါဒ မပြန့်ပွားစေရေးအတွက် အချိန်မီ ဝိုင်းဝန်းကာကွယ်တားဆီးကြရပေမည်။ မြန်မာနိုင်ငံတွင် လူသတ်ဝါဒအမြစ်မတွယ်စေဖို့ ကျွန်ုပ်တို့ ပြည်သူလူထုအားလုံးတွင် တာဝန်ရှိပါသည်။**

**ကိုးကား – မောင်ထွန်းသူ၏ “နိုင်ငံတကာ လုပ်ကြံမှုကြီးများ”**

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

မြို့နယ်အချို့၌ အကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ထပ်မံဖမ်းဆီးရမိ**

ထိုသို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၅ ရက် နံနက် ၇ နာရီခွဲတွင် ပေါင်းတည်မြို့နယ် မှတ်တိုင်နယ်မြေ ရဲစခန်း (ပ) ၁/၂၀၂၂၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အမှုမှ တရားခံ ကျော်မင်းဦး (ခ) အောကြီးနှင့် ဆက်စပ်တရားခံ ကျော်သူရ(ခ)ဖိုးကျော်တို့ နှစ်ဦး၏ ထွက်ဆိုချက်အရ ကျော်သူရ (ခ) ဖိုးကျော်နှင့် သဲကုန်းမြို့နယ် ပျဉ်ကြီးကျေးရွာနေ စန်းမောင်(ခ) စန်းကြီး(၅၈နှစ်) (ဘ)ဦးအောင်မောင်းတို့ နှစ်ဦးသည် ပေါင်းတည်မြို့နယ် ကျောင်းစုကျေးရွာနေ ညွှန့်လှိုင် (၅၅နှစ်) (ဘ)ဦးကုလားဆိုသူမှ စေခိုင်း၍ နတ်တလင်း မြို့နယ် ညောင်လေးပင်ကျေးရွာနေ ကိုပေါက်ကင်း (စိစစ်ဆဲ)ထံမှ တူမီးသေနတ် ၁၃ လက်ကို ငွေကျပ် ၃ သိန်းဖြင့် ဝယ်ယူကာ သဲကုန်းမြို့နယ် ညောင်ပင်စုကျေးရွာနေ မြင့်စိုး(၄၈နှစ်) (ဘ) ဦးတင်မောင်၏ နေအိမ်တွင် အပ်နှံထားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးရှာဖွေခဲ့ရာ အဆိုပါ နေအိမ်အတွင်းမှ မြင့်စိုးအား တူမီးသေနတ် ၁၃ လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်၍ နံနက် ၉ နာရီ မိနစ် ၂၀တွင် ဆက်စပ်တရားခံ စန်းမောင် (ခ)စန်းကြီး၏ နေအိမ်သို့ သွားရောက်စစ်ဆေးရာ စန်းမောင်(ခ)စန်းကြီးအား ၎င်း၏ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်သွားမည်**

အထက်ပါ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်း ထားရှိသူများနှင့် လက်ဝယ် ထားရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဖလော်ရီဒါ ကွန်ဒို၏ ကျန်ရှိနေသည့်အစိတ်အပိုင်းများကို ဖြိုချ

ဖလော်ရီဒါ ဇူလိုင် ၆

**အမေရိကန်ပြည်ထောင်စုဖလော်ရီဒါရှိ ပြိုကျခဲ့သည့်ကွန်ဒို၏ ကျန်ရှိနေသည့် အစိတ်အပိုင်းများကို အပြည့်အဝ ဖြိုချမှုပြုလုပ်ခဲ့သည်ဟု သိရသည်။ ပျောက်ဆုံးနေသည့် ၁၁၈ ဦးကို ဆက်လက်ရှာဖွေနိုင်ရေးအတွက် ရှင်းလင်းမှုများ လုပ်ဆောင်နိုင်ရန် ကျန်ရှိနေသည့် အစိတ်အပိုင်းများကို ဇူလိုင် ၄ ရက်က ဖြိုချခဲ့ခြင်းဖြစ်သည်။ ကျန်ရှိနေသည့် အဆောက်အအုံတစ်စိတ်တစ်ပိုင်းကို ဖြိုချနိုင်ရေးဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုခဲ့သည်ဟု သိရသည်။**

မိုင်ယာမီကမ်းခြေအနီးရှိ အဆိုပါ အဆောက်အအုံကိုဖြိုချရာတွင် မြေကြီးတုန်ခါမှု စက္ကန့်အနည်းငယ်ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

အထပ် ၁၂ ထပ်ရှိသည့် အဆိုပါ တာဝါမှ ဇွန် ၂၄ ရက်က တစ်စိတ်တစ်ပိုင်းပြိုကျမှုဖြစ်ပွားခဲ့ပြီး လူ ၂၇ ဦး ထက်မနည်း သေဆုံးခဲ့ရသည်။ ဒေသခံအာဏာပိုင်များက အဆိုပါအဆောက်အအုံကို ဖြိုချရန် ဆုံးဖြတ်ခဲ့ကြသည်။

ကျန်ရှိနေသည့် အစိတ်အပိုင်းမှာ အန္တရာယ်များပြားပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ရာတွင် အဟန့်အတားများဖြစ်ပေါ်စေသည့်အတွက် ယခုလို ဖြိုခဲ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကယ်ဆယ်ရေးနှင့်ရှာဖွေရေးသမားများသည်ကယ်ဆယ်ရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နေပြီဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

အဆောက်အအုံဖြိုချလိုက်ခြင်းကြောင့် ယခင်က အနားမကပ်နိုင်သည့် နေရာများအနီးသို့ပါ သွားလာနိုင်ပြီဖြစ်သည်ဟု သိရသည်။

အပူပိုင်းမုန်တိုင်းအန္တရယ်နီးကပ်လာပြီဖြစ်သော်လည်း ကယ်ဆယ်ရေးသမားများသည် ၎င်းတို့၏ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေကြဆဲဖြစ်သည်။ အပူပိုင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



ကွန်ဒိုအဆောက်အအုံ၏ ကျန်ရှိနေသည့်အစိတ်အပိုင်းများ ဖြိုချနေမှုကို တွေ့ရစဉ်။




ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

# ဘောလုံးပွဲကြည့်ပရိသတ်များ တာဝန်သိကြရန် ဗြိတိန်ဝန်ကြီးချုပ် တိုက်တွန်း

**လန်ဒန် ဇူလိုင် ၆**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် အင်္ဂလန်ပရိသတ်များအနေဖြင့် စိတ်အားထက်သန်စွာ အားပေးကြသော်လည်း ကိုဗစ်-၁၉ အန္တရာယ်မှ ကာကွယ်ရန် တာဝန်သိသည့်နည်းလမ်းဖြင့်သာ အားပေးကြရန် ဘောလုံးပွဲပရိသတ်များကို တောင်းဆိုခဲ့သည်။

ယူရို ၂၀၂၀ အင်္ဂလန်နှင့် ဒိန်းမတ်ပွဲစဉ်မစတင်မီ ဇူလိုင် ၅ ရက်တွင် ယခုလို သတိပေးစကားပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကြိုဗိုလ်လုပွဲကို ဇူလိုင် ၇ ရက်တွင် ဝင်ဘာလေကွင်းကြီးတွင် ကျင်းပသွားရန် စီစဉ်ထားသည်။ အကြိုဗိုလ်လုပွဲစဉ်များကိုဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် ပြုလုပ်သွားရန်စီစဉ်ထားသည်။ ပွဲကြည့်ပရိသတ် ၆၀၀၀၀ ကို ကွင်းအတွင်း ဝင်ရောက်ကြည့်ရှုရန် ခွင့်ပြုပေးသွားမည်ဖြစ်သည်။

အိန္ဒိယတွင် ပထမဆုံး တွေ့ရှိရသည့် ဗီဇပြောင်းဒယ်လ်တာ ကူးစက်မှုကို ဗြိတိန်နိုင်ငံတွင်လည်း တွေ့ရှိလာရပြီဖြစ်သည်။

လန်ဒန်တွင် ဘောလုံးကွင်းအတွင်း ကြည့်ရှုခွင့်ပေးသည့် ပမာဏကို စိုးရိမ်မိသည်ဟု ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်ကလည်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၀၀ ထပ်မံတွေ့ရှိ

**ဂျေရုဆလင် ဇူလိုင် ၆**

အစ္စရေးကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အစ္စရေးနိုင်ငံတွင် ဇူလိုင် ၅ ရက် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၀၀ တွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၈၄၃၃၉၀ အထိ ရှိလာသည်ဟု သိရသည်။

လက်ရှိတွင် ရောဂါဖြစ်ပွားနေသူဦးရေမှာ ၂၇၆၆ ဦးအထိ ရှိလာသည်။ ယင်းအရေအတွက်မှာ ဧပြီ ၁၅ ရက် နောက်ပိုင်း အမြင့်ဆုံးပမာဏပင်ဖြစ်သည်ဟု သိရသည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၆၄၂၉ ဦး ရှိပြီး စိုးရိမ်ရသည့် လူနာအရေအတွက်မှာ ၃၄ဦးမှ ၃၅ သို့ တိုးလာသည်။

စုစုပေါင်း ကာကွယ်ဆေးထိုးပြီးသူ ပမာဏမှာ ၆၀ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ ဒယ်လ်တာကူးစက်မှု ပျံ့နှံ့သည့် ဇူလိုင် ၃ ရက်မှ ၆ ရက်အတွင်း ဖိုက်ဇာကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုမှာ ၆၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

သို့သော်လည်း ရောဂါကူးစက်မှုကြောင့် ဆိုးရွားစွာ ဖျားနာခြင်းနှင့် ဆေးရုံတက်ရောက်ကုသရခြင်းကိုမူ ၉၃ ရာခိုင်နှုန်း အကာအကွယ်ပေးသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

**ဆင်ဟွာ**




တဲလ်အဗစ်မြို့ ဈေးဝယ်စင်တာတစ်ခုတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကာသွားလာနေကြသူများကို တွေ့ရစဉ်။

# နိုင်ဂျီးရီးယားနိုင်ငံတွင် ပြန်ပေးဆွဲခံရသူ ၂၇ ဦးကို ရဲများက ကယ်တင်နိုင်

**လာဂို့စ် ဇူလိုင် ၆**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်တန်းကျောင်းမှ ပြန်ပေးဆွဲခံရသူ ကျောင်းသားနှင့် ဆရာ စုစုပေါင်း ၂၇ ဦးကို ရဲတပ်ဖွဲ့မှ ကယ်တင်နိုင်ခဲ့သည်ဟု နိုင်ဂျီးရီးယားရဲများက ဇူလိုင် ၅ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ် ကာဒူနာရှိ အလယ်တန်းကျောင်းတွင် ပြန်ပေးဆွဲခံရမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေနတ်သမားအုပ်စုသည် ဒါမစ်ရှိမို့ ဘတ်သယ်ဘတ်စတစ်ကျောင်းကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက ဝင်ရောက်ခဲ့ပြီး ကျောင်းသားများကို ပြန်ပေးဆွဲသွားခဲ့ခြင်း ဖြစ်သည်ဟု ရဲများက ပြောသည်။

ကျောင်းသား၂၆ ဦးနှင့် ဆရာမတစ်ဦးကို ကယ်တင်နိုင်ခဲ့သည်ဟု ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ပြန်ပေးဆွဲခံရသူများအားလုံး လုံခြုံစိတ်ချရမှုမရသရွေ့ ရှာဖွေကယ်ဆယ်ရေးများကို လုပ်ကိုင်ဦးမည်ဟု ကာဒူနာ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် ဂျလီဂီက ပြောသည်။

ပြီးခဲ့သည့်လများအတွင်း နိုင်ဂျီးရီးယားနိုင်ငံတွင် သေနတ်ဖြင့်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီးလူသေဆုံးမှုနှင့် ပြန်ပေးဆွဲခံရမှုများ ဖြစ်ပေါ်ခဲ့သည်။

**ဆင်ဟွာ**

# အာဂျင်တီးနားနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၆၂၂ ဦးရှိ

**ဗျူနိုအေရိစ် ဇူလိုင် ၆**

အာဂျင်တီးနားနိုင်ငံတွင် ဇူလိုင် ၅ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၇၂၇၇ ဦးရှိခဲ့ပြီး သေဆုံး သူ ၆၂၂ ဦးရှိသည်ဟု သိရသည်။

အာဂျင်တီးနားနိုင်ငံသည် ကိုဗစ်-၁၉ ဗီဇပြောင်းဒယ်လ်တာကူးစက်မှုများကို အရှိန်ရပ်တန့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အာဂျင်တီးနားနိုင်ငံတွင် ဒယ်လ်တာကူးစက်မှု ငါးဦးတွေ့ရှိရပြီးနောက် ယင်းသို့ ကြိုးပမ်းနေခြင်းဖြစ်သည်။

တောင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အာဂျင်တီးနားတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှု အချိန် ကို တိုးမြှင့်ခဲ့ပြီး လူအချင်းချင်း ခပ်ခွာခွာနေရမည့် စည်းကမ်းသတ်မှတ်ချက်ကို ဇူလိုင် ၉ ရက်အထိ သတ်မှတ်ထားသည်ဟု သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံဝယ်ယူ

ဘန်ကောက် ဇူလိုင် ၆

**ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာခြင်းကို ထိန်းချုပ်ရန် ထိုင်းနိုင်ငံသည် ဖိုက်ဇာ၊ ဆီနိုဗက်နှင့် မော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေးများအပါအဝင် နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဝယ်ယူရန် ဇူလိုင် ၆ ရက်က သဘောတူခဲ့သည်။**



ထိုင်းနိုင်ငံတွင် ပြည်သူတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ဝန်ကြီးများအဖွဲ့က အမေရိကန်ပြည်ထောင်စုမှ ဖိုက်ဇာကာကွယ်ဆေး သန်း၂၀ ကို ယခုနှစ်၏ စတုတ္ထသုံးလပတ်အတွင်းပေးပို့ရန်နှင့် အစီအစဉ်ဖြင့် ဝယ်ယူရန် သဘောတူခဲ့ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာ အကြံပေးယူဒန်ကာချင်သွန်က ပြောသည်။

ထိုင်းနိုင်ငံတွင် ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကိုဗစ်-၁၉ လူနာများအား အများဆုံး ကိုင်တွယ်ရသည့် ဆေးဝန်ထမ်းများအတွက် တတိယအကြိမ်ထိုးပေးရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် အစိုးရအဖွဲ့သည် အမေရိကန်ပြည်ထောင်စုမှ နောက်ထပ် မော်ဒါနာကိုဗစ်-၁၉ ကာကွယ်ဆေး ငါးသန်းနှင့် တရုတ်နိုင်ငံမှ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဝယ်ယူရန် အတည်ပြုခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းက အဆိုးဆုံးဖြစ်သော ကိုဗစ်-၁၉ တတိယအကျော့ကူးစက်ဖြစ်ပွားမှုကို ထိန်းသိမ်းနိုင်ရန် ကြိုးစားလျက်ရှိသည်။ ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူ ၃၀၀၀၀ အောက်မှ ယခုအခါတွင် သုံးသိန်းနီးပါး မြင့်တက်လာသည်။

ဇူလိုင် ၆ ရက်က ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၄၂၀ ရှိလာခဲ့ပြီး စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၉၄၆၅၃ ဦး အထိရောက်ရှိလာခဲ့သည်။ သေဆုံးသူပေါင်းမှာလည်း ၂၃၃၃ ဦးအထိ တိုးလာသည်။

ထိုင်းနိုင်ငံတွင် မေ ၂၇ ရက်မှ ဇူလိုင် ၂ ရက်အထိ ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားသူ ၁၈၃၈ ဦးရှိလာခဲ့သည်။ ဒယ်လ်တာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၃၀၉ ဦးမှာ ဘန်ကောက်မှ ဖြစ်သည်။

ဇူလိုင် ၅ ရက်အထိ ထိုင်းနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၁ သန်းကျော် ထိုးပေးခဲ့သည်။ ယခုနှစ်ကုန်တွင် လူဦးရေ သန်း ၇၀ နီးပါးရှိသည့်အနက် ၇၀ ရာခိုင်နှုန်းခန့်ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် စီစဉ်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ဘရူနိုင်းနိုင်ငံတွင် အသက် ၁၈ နှစ်ကျော်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ အခမဲ့ထိုးပေး

**ဘန်ဒါဆီရီဘီဂါဝန် ဇူလိုင် ၆**

ဘရူနိုင်းအစိုးရသည် အမျိုးသားကာကွယ်ဆေးထိုး အစီအစဉ်၏ အဆင့်-၃ ကာကွယ်ဆေးထိုးခြင်းကို စတင်ခဲ့ပြီး နိုင်ငံအတွင်း အသက် ၁၈ နှစ်ကျော်သည့် နိုင်ငံသားများအားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ အခမဲ့ထိုးပေးလျက်ရှိသည်။



ဒေသခံများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေသည်ကိုတွေ့ရစဉ်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီး၏ အဆိုအရ အသက် ၁၈ နှစ်ကျော်သူများ အားလုံးအတွက် ဆူလ်တန်၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအစီအစဉ်ကို ဇွန် ၃ ရက်မှစကာ အဆင့်သုံးဆင့်ခွဲထားကြောင်း သိရသည်။

ပထမအဆင့်ကို အဓိကအားဖြင့် ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ရှေ့တန်းတွင် ကိုဗစ်-၁၉ အတွက် တိုက်ပွဲဝင်နေသူများ၊ အသက်ကြီး နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားတွင် ပညာဆက်လက်ဆည်းပူး နေသူများအတွက် ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိသည်။ ဒုတိယအဆင့်မှာ ဆရာ ဆရာမများ၊ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်နေရသည့် ဝန်ထမ်းများ၊ နာတာရှည် ရောဂါ စွဲကပ်နေသည့် အရွယ်ရောက်ပြီးသူများအားလုံးအတွက် ဖြစ်သည်။

တတိယအဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ Bruhealth ဖုန်းအပလီကေးရှင်းကိုအသုံးပြုကာ အသက် ၁၈ နှစ်ကျော်သည့်နိုင်ငံသားများအားလုံးအတွက် ယခုနှစ်မကုန်ခင် အနည်းဆုံး ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးရန် မျှော်မှန်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံတွင် ဖိုက်ဇာ၊ ဘီရွန်တက်ခ်၊ မော်ဒါနာ၊ အက်စ်ထရာဇနီကာ၊ ဆီနိုဖမ်းနှင့် Johnson & Johnson ကာကွယ်ဆေးများကို ထိုးပေးသွားမည် ဖြစ်ကြောင်း ယခင်က ကြေညာခဲ့သည်။

ဆင်ဟွာ

## စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၂၆၄၀ ရှိလာ

**စင်ကာပူ ဇူလိုင် ၆**

စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၆ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၀ ဦးတိုးလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၂၆၄၀ ရှိလာခဲ့သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ဒေသတွင်းကူးစက်ဖြစ်ပွားသူနှစ်ဦးရှိပြီး ကူးစက်ခံရသူနှစ်ဦးမှာ ဆက်စပ်မှုမရှိကြောင်း သိရသည်။

ကျန်ကူးစက်ဖြစ်ပွားသူ ရှစ်ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၎င်းတို့ကို အိမ်တွင်းခွဲနေထိုင်ရန် ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။ ၎င်းတို့ ခုနစ်ဦးမှာ ရောက်ရောက်ချင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၉၉ ဦးကို ဆေးရုံများတွင် စောင့်ကြည့်လျက်ရှိပြီး အများစုမှာ အခြေအနေကောင်းမွန်ကြောင်း သိရသည်။ လတ်တလောတွင် အရေးပေါ်လူနာ ရှစ်ဦးရှိကာ အောက်ဆီဂျင်လိုအပ်လျက်ရှိပြီး အခြားသုံးဦးအား အထူးကြပ်မတ်ကုသဆောင်တွင် ကုသပေးလျက်ရှိသည်။

နိုင်ငံလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး အစီအစဉ်အရ စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၅၈၅၈၅၇၁ခု ထိုးပေးပြီးပြီဖြစ်ကြောင်း သိရသည်။ ထို့နောက် ၃၆၇၀၈၆၂ ဦးကို ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးပေးထားပြီး ၂၁၈၇၇၀၉ ဦးကို ကာကွယ်ဆေးနှစ်ကြိမ် အပြည့်အဝထိုးပေးထားကြောင်း သိရသည်။

ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်မှုစံချိန်တင်

**ဒါကာ ဇူလိုင် ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင် ၆ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၅၂၅ ဦးရှိကြောင်းဖော်ပြမှုနှင့်အတူ တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ခဲ့ကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၆၆၄၀၆ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

တရားဝင်စာရင်းထုတ်ပြန်ဖော်ပြချက်များအရ ဇူလိုင် ၆ ရက်က ကိုဗစ်-၁၉ ကြောင့် ၁၆၃ ဦးထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ဖြင့်သေဆုံးသူ ၁၅၃၉၂ ဦးအထိ တိုးလာခဲ့သည်။

### သေဆုံးသူမြင့်တက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၃၆၆၃၁ ခုပြုလုပ်ခဲ့သည်။

ဇူလိုင် ၆ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းသွားသူ ၅၄၃၃ ဦးထပ်တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၈၄၄၅၁၅ ဦးရှိလာခဲ့သည်။

တရားဝင်စာရင်းဇယားများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သေဆုံးနှုန်းသည် ယခုအခါတွင် ၁ ဒသမ ၅၉ ရာခိုင်နှုန်းဖြစ်လာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သောလကတည်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်တိုးလာခဲ့သည်။

### ကန့်သတ်ပိတ်ဆို့မှုချမှတ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် ဇူလိုင် ၁ ရက်မှစကာ တစ်ပတ်ကြာ တင်းကျပ်သည့် အလုံပိတ်ကန့်သတ် ပိတ်ဆို့မှုချမှတ်ခဲ့သည်။

ဆင်ဟွာ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသူတစ်ဦး လန်ချားစီးနေသည်ကိုတွေ့ရစဉ်။


# အစ္စရေးတွင် ကာကွယ်ဆေးနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိလာသော်လည်း ဗြိတိန်နိုင်ငံတွင်မူ ကန့်သတ်ချက်များ ဖြေလျှော့ပေးတော့မည်

နှင်းမိုးအိမ်

**ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်က အင်္ဂလန်၏ နေရာအစိတ်အပိုင်းအများစုတွင် ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးတော့မည်ဟု ဇူလိုင် ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ဇူလိုင် ၁၉ ရက်မှစတင်ကာ ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ခြင်းနှင့် လူအချင်းချင်းခပ်ခွာခွာနေခြင်းတို့အပါအဝင် အခြားသောကန့်သတ်ချက်များကို ဖြေလျှော့ပေးတော့မည်ဖြစ်သည်။**

### ဖြေလျှော့ပေးတော့မည်

အစိုးရ၏အမိန့်ညွှန်ကြားချက်များထက် မိမိတို့ တာဝန်သိစိတ်ဖြင့် လိုက်နာခြင်းကိုသာ တိုက်တွန်းမည်ဟု ပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံတွင်မူ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် ထိုးပေးနေသော်လည်း အန္တရာယ်များပြားလှသည့် ကိုဗစ် – ၁၉ ဗီဇပြောင်းဒယ်လ်တာကို တိုက်ဖျက်ပေးရာတွင်မူ အကျိုးအာနိသင် နည်းပါးနေသည်ဟု အစ္စရေးမှ ကျွမ်းကျင်ပညာရှင်များကပြောသည်။ ယင်းသို့ အခြေအနေမျိုးနှင့် ကြုံတွေ့နေရသည့် အခိုက်အတန့်တွင် ဗြိတိန်ဝန်ကြီးချုပ်က နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကန့်သတ်ချက်အများစုကို ဖြေလျှော့ပေးတော့မည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။



ဗြိတိန်နိုင်ငံ၏ သိပ္ပံအကြံပေးအကြီးအကဲ ပက်ထရစ် ဗေးလန့်၊ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဆေးဘက်ဆိုင်ရာအကြီးအကဲဖြစ်သူ ခရစ်ဝှစ်တီတို့ကို ဇူလိုင် ၅ ရက်က သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

> ❐ ဗြိတိန်ဝန်ကြီးချုပ်၏ ကြေညာချက်မှာ အင်္ဂလန်အတွက်ဖြစ်ပြီး ကျန်းမာရေးအခြေအနေများ တိုးတက်လာသည့်အတွက် ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ စကော့တလန်၊ ဝေလနယ်နှင့် မြောက်အိုင်ယာလန်တို့တွင်မူ ကိုဗစ် –၁၉ ကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးမည်ဖြစ်

### ရွှေ့ဆိုင်းပေးခဲ့ရ

အာဖရိကတစ်လွှားတွင်လည်း ကိုဗစ် – ၁၉ ကူးစက်မှုများ စံချိန်တင် များပြားနေသည်ဟု အေအက်ဖ်ပီက ကောက်ယူထားသည့် အချက်အလက်များအရ သိရသည်။ လွန်ခဲ့သည့်လအတွင်းကလည်း ဇွန် ၁၂ ရက်တွင် သွားလာမှုများကို ကန့်သတ်ထားခြင်းမှ အပြည့်အဝ ဖယ်ရှားပေးမည့်အစီအစဉ်ကို ဗြိတိန်ဝန်ကြီးချုပ် ရွှေ့ဆိုင်းပေးခဲ့ရသည်။ ကူးစက်မြန် ဒယ်လ်တာ၏ ကြောက်မက်ဖွယ်ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာသည့်အတွက်ကြောင့် ဖြစ်သည်။ ယခုအခါ အဆိုပါဗိုင်းရပ်စ်ကူးစက်မှုမှာ ဗြိတိန်နိုင်ငံတစ်လွှားတွေ့ရှိနေရပြီဖြစ်သည်။

### အချိန်လိုသေးသည်

ဆေးရုံတက်ရောက်ကုသရမှုများ၊ သေဆုံးမှုများတိုးလာသည့်အတွက် ကာကွယ်ဆေးအစုလိုက်ထိုးပေးခြင်းများကို ရပ်တန့်ထားရသည်။ အဆိုပါကပ်ရောဂါကြီးမှာ ပြီးဆုံးရန် အချိန်လိုသေးသည်ဟု ဘောရစ်ဂျွန်ဆင်ကပြောသည်။ ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုများ များပြားလာနိုင်သည့်အတွက် မိမိကိုယ်ကို သက်သာရာရအောင် ကြိုးပမ်းရမည်ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။ သို့သော်လည်း ဗြိတိန်တွင် ထိရောက်သည့် ကာကွယ်ဆေးထိုးနှံပေးမှုများကြောင့် ကန့်သတ်ထားရှိမှုများကိုဖြေလျှော့နိုင်ရေး ဦးတည်လျက်ရှိသည်ဟု ၎င်းကဆက်ပြောသည်။

### တဖြည်းဖြည်းချင်း ဖြေလျှော့ပေးမည်

တရားဝင်ကန့်သတ်ချက်များကိုဖြေလျှော့ပေးပြီး ပြည်သူများအနေဖြင့် မိမိတို့အသိစိတ်ဓာတ်ဖြင့်သာ လိုက်နာသွားကြရန် တိုက်တွန်းမည်ဖြစ်သည်။ ဗြိတိန်ဝန်ကြီးချုပ်၏ ကြေညာချက်မှာ အင်္ဂလန်အတွက်ဖြစ်ပြီး ကျန်းမာရေးအခြေအနေများတိုးတက်လာသည့်အတွက် ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ စကော့တလန်၊ ဝေလနယ်နှင့် မြောက်အိုင်ယာလန်တို့တွင်မူ ကိုဗစ် –၁၉ ကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးမည်ဖြစ်သည်။ အစ္စရေးနိုင်ငံတွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးရာတွင် ဦးဆောင်နေသည့် ကျွမ်းကျင်ပညာရှင်များက ၎င်းတို့၏ စိုးရိမ်ပူပန်မှုကို ဇူလိုင် ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

### ၆၄ ရာခိုင်နှုန်းသို့ထိုးကျ

ဖိုက်ဇာကာကွယ်ဆေးများမှာ အပျော့စားဖျားနာမှုကို ကာကွယ်ပေးရာတွင် အကျိုးသက်ရောက်မှုနည်းကောင်းနည်းနိုင်သည်ဟု ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်းဒယ်တာ ဗိုင်းရပ်စ် ပျံ့နှံ့သည့်အချိန်တွင် ကာကွယ်ဆေး၏စွမ်းဆောင်ရည်မှာ ၆၄ ရာခိုင်နှုန်းသို့ ထိုးကျသွားသည်ဟု သုတေသနပြုချက်များက ပြသလျက်ရှိကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ သို့သော်လည်း ကိုဗစ် –၁၉ ကြောင့် ဆိုးဆိုးရွားရွား ဖျားနာခြင်းနှင့် ဆေးရုံတက်ရောက်ကုသရမှုနှုန်းကိုမူ ၉၃ ရာခိုင်နှုန်းအကာအကွယ်ပေးဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။

### ရုန်းကန်နေရဆဲဖြစ်

ဗီဇပြောင်းဒယ်လ်တာကူးစက်မှုမှာ အရှိန်အဟုန်ဖြင့်ပျံ့နှံ့နေသည်ဟု အစ္စရေးဝန်ကြီးချုပ် နာ့ဖ်တာလီဘန်နက်က ဇူလိုင် ၃ ရက်တွင် သတိပေးပြောကြားခဲ့သည်။ ထို့ကြောင့် အစ္စရေးနိုင်ငံတွင်ပြီးခဲ့သည့်လအတွင်းက ဖြေလျှော့ပေးခဲ့သည့် ကိုဗစ် –၁၉ ကန့်သတ်ချက်များကို ပြန်လည်ကျင့်သုံးနေရသည်။ ချမ်းသာသည့် နိုင်ငံကြီးများတွင် ကာကွယ်ဆေး အင်တိုက်အားတိုက်ထိုးပေးနိုင်ခြင်းကြောင့် အကျိုးရလဒ်များခံစားနေရသော်လည်း ကမ္ဘာ့ တခြားအစိတ်အပိုင်းဒေသများတွင်မူ ကာကွယ်ဆေးရရှိရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။

### အကျိုးဆက်များပင်ဖြစ်

အာဖရိကတွင် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကိုဗစ် –၁၉ကူးစက်မှုများ စံချိန်တင်များပြားခဲ့ပြီး တစ်ရက်အတွင်း နောက်ထပ်အသစ်ကူးစက်မှု ၃၆၀၀၀ နှင့်ရင်ဆိုင်နေရသည်ဟု တရားဝင်အချက်အလက်များကို အခြေခံကာ အေအက်ဖ်ပီတွင် ဖော်ပြထားသည်။ အာဖရိကတစ်လွှား အဆိုးဆုံး ကိုဗစ် – ၁၉ ကူးစက်မှုဒဏ်ခံနေရသည့် တိုင်းပြည်မှာ တောင်အာဖရိကပင်ဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း နောက်ထပ်ကူးစက်ခံရမှုပေါင်း ၂၆၀၀၀ နှင့် ကြုံတွေ့ခဲ့ရသည်။ ယင်းသို့ကူးစက်မှုများ များပြားလာရခြင်းမှာ ဗီဇပြောင်း ဒယ်လ်တာ၏အကျိုးဆက်များပင်ဖြစ်သည်။

### လူတိုင်းကျေနပ်ခြင်းမရှိ

နောက်ထပ်ပြဿနာတစ်ခုမှာ အာဖရိကနိုင်ငံများတွင် ကိုဗစ် –၁၉ ကာကွယ်ဆေးပြတ်လပ်မှုနှင့် ကြုံတွေ့နေရခြင်းပင် ဖြစ်သည်။ အေအက်ဖ်ပီ၏ တွက်ချက်မှုအရ လူအယောက်တစ်ရာလျှင် ၃ ဒသမ၆၆ ရာခိုင်နှုန်းကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ ဥရောပတွင်မူ ၆၈ ဒသမ ၃ ရာခိုင်နှုန်းထိုးပေးနိုင်သည်ကိုတွေ့ရသည်။ ဗြိတိန်နိုင်ငံတွင်မူ အရွယ်ရောက်ပြီးသူ ၈၆ ရာခိုင်နှုန်းကိုအနည်းဆုံး ကာကွယ်ဆေးတစ်ကြိမ် ထိုးပေးပြီးဖြစ်သည်။ နှစ်ကြိမ်တိုင်တိုင် ကာကွယ်ဆေးထိုးပြီးသူ ၆၃ ရာခိုင်နှုန်းရှိသည်။ သို့သော်လည်း ယခု ဗြိတိန်ဝန်ကြီးချုပ်၏ ကြေညာချက်ကို လူတိုင်းကျေနပ်ခြင်း မရှိပေ။

### သေဆုံးမှု မြင့်မားနေဆဲ

အင်္ဂလန်ရှိဆေးဘက်ဆိုင်ရာအကြီးအကဲဖြစ်သူ ခရစ်ဝှစ်တီကမူ လူထူထပ်သည့်နေရာများကို သွားလာသည့်အခါနှင့် အဆောက်အအုံအတွင်းနေထိုင်သည့်အခါမျိုးတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ဆဲဖြစ်သည်ဟု ပြောသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကလည်း လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပစဉ်အတွင်း ကိုဗစ် –၁၉ ကပ်ရောဂါ ပြီးဆုံးရန် အချိန်လိုသေးသည်ဟု ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၆၀၅၀၀၀ ရှိပြီး တခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သေဆုံးမှု မြင့်မားနေဆဲဖြစ်သည်။ ။

ကိုးကား –အေအက်ဖ်ပီ

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



* *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၆–၇–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၀၃၃) ခု | (၁၉၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၇) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၈၅) ခု | (၁၁၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၁၉) ခု | (၈၂) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၆) ခု | (၃) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၂၃) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၂) ခု | (၁၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၀) ခု | (၁၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၀၉) ခု | (၆၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၈၇၈) ခု | (၂,၄၁၇) ဦး |
| စုစုပေါင်း | (၁၂,၈၃၂) ခု | (၃,၆၀၂) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၆-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၉၈၄၉၁ | ၂၉၁၁၁၈၇၄ | ၆၂၁၃၃၇ |
| ၂။ | အိန္ဒိယ | ၃၀၆၄၆၅၅၂ | ၂၉၇၆၉၄၈၄ | ၄၀၃၇၀၀ |
| ၃။ | ဘရာဇီး | ၁၈၇၉၂၅၁၁ | ၁၇၁၅၁၆၇၃ | ၅၂၅၂၂၉ |
| ၄။ | ပြင်သစ် | ၅၇၈၆၉၉၉ | ၅၆၃၃၃၉၂ | ၁၁၁၁၉၇ |
| ၅။ | ရုရှား | ၅၆၅၈၆၇၂ | ၅၁၀၀၈၅၂ | ၁၃၉၃၁၆ |
| ၆။ | တူရကီ | ၅၄၄၉၄၆၄ | ၅၃၁၉၆၆၅ | ၄၉၉၅၉ |
| ၇။ | ဗြိတိန် | ၄၉၃၀၅၃၄ | ၄၃၃၇၈၂၁ | ၁၂၈၂၃၁ |
| ၈။ | အာဂျင်တီးနား | ၄၅၅၂၇၅၀ | ၄၁၇၅၈၅၆ | ၉၆၅၂၁ |
| ၉။ | ကိုလံဘီယာ | ၄၃၇၅၈၆၁ | ၄၀၇၆၀၁၃ | ၁၀၉၄၆၆ |
| ၁၀။ | အီတလီ | ၄၂၆၃၇၉၇ | ၄၀၉၂၅၈၆ | ၁၂၇၆၈၀ |

## အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား / ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယ လက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါ အတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်း ခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**




## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆ – ၇ – ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၃၄၅၀၁၈ | ၁၉၅၈၅၅၃ | ၆၁၈၆၈ |
| ဖိလစ်ပိုင် | ၁၄၄၅၈၃၂ | ၁၃၇၀၉၂၃ | ၂၅၂၉၆ |
| မလေးရှား | ၇၉၂၆၉၃ | ၇၁၄၈၁၅ | ၅၆၇၇ |
| ထိုင်း | ၂၉၄၆၅၃ | ၂၂၇၀၂၃ | ၂၃၃၃ |
| မြန်မာ | ၁၇၁၉၇၆ | ၁၄၀၃၈၇ | ၃၅၁၃ |
| စင်ကာပူ | ၆၂၆၄၀ | ၆၂၂၉၉ | ၃၆ |
| ကမ္ဘောဒီးယား | ၅၆၁၂၂ | ၄၈၀၄၀ | ၇၇၉ |
| ဗီယက်နမ် | ၂၁၃၁၂ | ၈၀၂၂ | ၉၀ |
| လာအို | ၂၃၅၆ | ၂၁၀၄ | ၃ |
| ဘရူနိုင်း | ၂၆၆ | ၂၅၅ | ၃ |

# အင်းလေးဖောင်တော်ဦးဘုရား၊ နန်းပန်းအလိုတော်ပေါက်ဘုရား၊ ရွှေအင်းတိန်မွေတော်ဘုရားနှင့် တာခေါင်မွေတော်ဘုရားတို့အား ဖူးမြော်ခွင့် ယာယီရပ်ဆိုင်း

**ညောင်ရွှေ ဇူလိုင် ၆**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းရှိ ဖောင်တော်ဦးမြတ်စွာဘုရား၊ နန်းပန်းအလိုတော်ပေါက်ဘုရား၊ ရွှေအင်းတိန်မွေတော်ဘုရားနှင့် တာခေါင်မွေတော်ဘုရားတို့ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇူလိုင် ၆ ရက်မှစ၍ ဖူးမြော်ကြည်ညိုခွင့် ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးဧည့်သည်များ အများဆုံးလာရောက်လည်ပတ်လျက်ရှိသည့် ဘုရားများဖြစ်ခြင်းကြောင့် သက်ဆိုင်ရာဘုရားအသီးသီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဖူးမြော်ခွင့်ယာယီရပ်ဆိုင်းခြင်း ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**



ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးဘုရား။

# မကွေး၌ ပိုးတွေ့လူနာ ၄၂ ဦး တွေ့ရှိ

**မကွေး ဇူလိုင် ၆**

မကွေးမြို့ သီတဂူမျက်စိဆေးရုံ ကိုဗစ်-ရောဂါ စစ်ဆေးရေးစင်တာတွင် မကွေးမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ သံသယလူနာ စုစုပေါင်း ၁၂၀ စစ်ဆေးပေးရာ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ပိုးတွေ့ လူနာစုစုပေါင်း ၄၂ ဦး တွေ့ရှိကြောင်း ယနေ့ နေ့လယ်ပိုင်းတွင် မကွေးလူမှုကူညီရေးအသင်းမှ သိရသည်။

၎င်းတို့မှာ မကွေးမြို့ပေါ်ရပ်ကွက်များမှ ခွာညို ၁၁ လမ်း တစ်ဦး၊ မြို့ဟောင်း ၁ဘုရားလမ်း တစ်ဦး၊ အေးမြသာယာ တစ်ဦး၊ တိုင်းဆက်သွယ်ရေး ဝန်ထမ်း တစ်ဦး၊ ရန်မျိုးလုံ တစ်ဦး၊ ရန်မျိုးအောင် ၁၀ လမ်း နှစ်ဦး၊ အောင်မေတ္တာ(က) ၃ လမ်း တစ်ဦး၊ အောင်မေတ္တာ(ဂ) ၂ လမ်း တစ်ဦး၊ ပွဲကြို ၁၇ လမ်း တစ်ဦး၊ ရဲဝန်ထမ်းမိသားစုများ သုံးဦး၊ တိုင်းအားကာ ဝန်ထမ်း တစ်ဦး၊ ရန်မျိုးအောင် တစ်ဦး၊ ရွာသစ် တစ်ဦး၊ မြင်သာ ၂၈ လမ်း တစ်ဦး၊ ပြည်တော်သာ တစ်ဦး၊ သိင်္ဂါ သရဖီလမ်း တစ်ဦး၊ ရန်ဝေး ၂ လမ်း တစ်ဦး၊ ဆုံရပ် တစ်ဦး၊ ရွာသစ် ၁၉ လမ်း တစ်ဦး၊ ရန်မျိုးနိုင် ၇ လမ်း တစ်ဦး၊ အောင်စေတနာ ၈ လမ်း နှစ်ဦး၊ တိုင်းလျှပ်စစ်ရုံး တစ်ဦး၊ အောင်မေတ္တာ တစ်ဦး၊ မကွေး AYA bank ဝန်ထမ်း နှစ်ဦး၊ မကွေးမြို့နယ် စမ်းကန်ရွာ တစ်ဦး၊ မကွေးမြို့နယ် ဝက်သိုက် တစ်ဦး၊ မကွေးမြို့နယ် ဘုရားပြိုတောင်ရွာ နှစ်ဦး၊ ချောက်မြို့နယ် ကျောက်ရဲရွာ တစ်ဦး၊ အောင်လံမြို့မှ နှစ်ဦး၊ မင်းဘူး အမှတ် ၃ နှစ်ဦး၊ မင်းဘူး မုန်တောင် တစ်ဦး၊ မိတ္ထီလာမှ နှစ်ဦး (ခရီးသွား)၊ ပြည်အင်းမမှ တစ်ဦး(ခရီးသွား) တို့ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မဖြစ်စေရန် မကွေးမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များကို ပါဆယ်ဖြင့်သာ ဝယ်ယူစားသောက်ခွင့်ပြုခြင်း၊ နှာခေါင်းစည်း၊ မျက်နှာကာများအား အပြင်ထွက်တိုင်း မဖြစ်မနေတပ်ဆင်ကြရန် မကွေးမြို့နယ် ကိုဗစ်ကော်မတီ၊ မြို့နယ်စည်ပင် ပရဟိတလူမှုရေးအသင်းတို့မှ သတိပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**မကွေးဝင်းမောင်**

# သီပေါမြို့တွင် ကိုဗစ်- ၁၉ ရောဂါပိုးတွေ့ရှိသူ ၂၄၇ ဦးရှိ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်

**သီပေါ ဇူလိုင် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလျက်ရှိရာ ဇွန် ၁၃ ရက်မှ ယနေ့အထိ ရောဂါရှာဖွေတွေ့ရှိသူ အတည်ပြုလူနာပေါင်း ၂၄၇ ဦး ရှိလာခဲ့ပြီး ကျန်းမာရေး ကောင်းမွန်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၅၂ ဦး ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေး ကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းထံမှ သိရသည်။

ကိုဗစ် -၁၉ ရောဂါ ဆက်လက်ကူးစက် ပြန့်ပွားမှု မရှိစေရေးအတွက် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး မြို့ဝင်၊ မြို့ထွက်များတွင် ကျန်းမာရေးစစ်ဆေးရေး ဂိတ်များထားရှိပြီး မြို့နယ် စည်ပင်သာယာရေး ဈေးကြီး၊ ဝက်ဝံဈေး၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ငွေသွင်းငွေထုတ် ဘဏ်များနှင့် လူစည်ကားရာ နေရာဌာနများ၌ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့အကျိုးဆောင် ပရဟိတအသင်းများက ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများအပြင် နှာခေါင်းစည်းများ ဖြန့်ဝေတပ်ဆင်ပေးခြင်း စသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြသည်။

သီပေါမြို့နယ် အတွင်းရှိ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ Quarantine Center အဆောက်အအုံများတွင် စနစ်တကျထားရှိကာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ရမ်းဗြဲ**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် လမ်းသွားလမ်းလာပြည်သူများနှင့် ဈေးရောင်းဈေးဝယ်ပြည်သူများကို ပါးစပ်နှာခေါင်းစည်း စနစ်တကျတပ်ဆင်သွားလာနိုင်ရေးနှင့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယနေ့ နံနက် ၈ နာရီက အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပါးစပ်နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ ဆောင်ရွက်ရာသို့ ရမ်းဗြဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများပူးပေါင်းပြီး လူသွားလူလာများသော လမ်းဆုံလမ်းခွများတွင် အသိအညာပေး လက်ကမ်းစာစောင်များနှင့် ပါးစပ်နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးကြပြီးနောက် မလိုအပ်ဘဲ အပြင်မထွက်ကြရန်၊ အပြင်သို့ သွားလာပါက ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်ပြီးမှ သွားလာကြရန်၊ လူစုလူဝေးရှောင်ရှားကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်နိုင်ကြရန်အတွက် လက်ကိုင်စက်တို့ဖြင့်လည်း အသိပညာပေး ဆော်ဩပေးသည်။

**အောင်နိုင်(ပြန်/ဆက်)**





**နောင်တရား**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့အဝင်၌ ဇူလိုင် ၆ ရက်က နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေး ဆောင်ရွက်သည်။

နောင်တရားမြို့အတွင်းသို့ ဝင်ထွက်သွားလာနေသည့် မော်တော်ယာဉ်မောင်းများနှင့် ဒေသခံပြည်သူများကို နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်အသုံးပြုစေရန် နှာခေါင်းစည်း အခု ၅၀၀ ကို အခမဲ့ဖြန့်ဝေဆောင်ရွက်သည်။

ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ထိန်းချုပ်၊ ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

**ဝေါ**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ သိရှိလိုက်နာရမည့် အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များအား အသိပညာပေး နှိုးဆော်ခြင်းနှင့် နှာခေါင်စည်းများအခမဲ့ဖြန့်ဝေခြင်းတို့ကို ယနေ့ နံနက် ၈ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့နယ်အတွင်း လိုက်လံ၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသည်။


ထိုသို့ အသိပညာပေးကြေညာရာတွင် ကိုဗစ်-၁၉ ကူးစက်မှုကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ လက္ခဏာခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊ လက်ကိုစင်ကြယ်အောင် မကြာခဏ စနစ်တကျဆေးကြောပါ၊ နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း နှာခေါင်း၊ ပါးစပ်တို့ကို လုံခြုံအောင်ဖုံးအုပ်ပါ၊ ကိုဗစ်ကာကွယ်ရေးနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များအား လိုက်နာဆောင်ရွက်ရန်၊ လိုက်လံနှိုးဆော်ပြီး ဝေါမြို့မဈေးရှေ့တွင် အပြင်ထွက်သူတိုင်း နှာခေါင်းစည်းတပ်ဆင်နိုင်ရေးအတွက် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**



# မွန်တို့ဌာနေ ရာမညမြေ၌ လမ်းတံတားများက ပန်းပမာ ပွင့်ခဲ့ပြီ

•••• ချမ်းမြေ့မောင် ••••



သံလွင်တံတား(ချောင်းဆုံ)ကို တွေ့ရစဉ်။

သံလွင်တံတား (မော်လမြိုင်)- - -။

ဒီတံတားကြီးပေါ်က ကားဖြတ်သန်းလေတိုင်း ကျွန်တော်သည် လွန်ခဲ့သော ၁၆ နှစ်ကျော်က မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်သို့ ရန်ကုန်က သွားသည့်အခါ မုတ္တမ (မော်လမြိုင်နှင့် သံလွင်မြစ်တစ်စင်း သာခြားသည်)၌ တစ်ညအိပ်ပြီး နောက်တစ်နေ့ မုတ္တမနှင့် မော်လမြိုင်ခရီးသည် ပို့ဆောင်နေသော ဇက်ရေယာဉ် မုတ္တမ ဆိပ်ကမ်းသို့ ဆိုက်ရောက်ပြီးမှ လိုက်ခဲ့ရသောအဖြစ်ကို သတိရမိသည်။

သံလွင်တံတား (မော်လမြိုင်)ကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတော်အစိုးရမှ ဆောက်လုပ်ဖွင့်လှစ်ပေးလိုက်ရာ ဇက်ရေယာဉ်ကို စောင့်ရ၊ အချိန်ပေးရသည့် ဒုက္ခမှ လွတ်ကင်းခဲ့ရသလို ထိုအချိန်မှစကာ မွန်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေးကောင်း**

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အောက်ဘက်ပိုင်းတွင်ရှိပြီး ကုန်းလမ်းနှင့် ရေကြောင်းလမ်းများဆုံရာ၌ တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ပြည်နယ်တစ်ခုလုံးတွင် ခရိုင် ၂ ခု၊ မြို့နယ်ပေါင်း ၁၀ မြို့နယ်၊ မြို့ ၁၇ မြို့၊ ရပ်ကွက်ပေါင်း ၁၀၆ ရပ်ကွက်၊ ကျေးရွာ ၁၁၄၃ ရွာရှိသဖြင့် လူဦးရေ စုစုပေါင်း ၂၃၉၀၄၄၈ (နှစ်ဆယ့်သုံးသိန်းကျော်)ရှိသည်ဟု သိရသည်။



မော်လမြိုင်-ကျိုက်မရော ကားလမ်းကို လှပစွာ တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မွန်ပြည်နယ်လမ်းဦးစီးဌာနသည် ပကတိ ပထဝီအနေအထားတို့အရ နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုအပ်ချက်များကို အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ စည်းလုံးညီညွတ်ရေးကို ရေးရှုလျက် လမ်းများအသစ်ဖောက်လုပ်ခြင်း၊ လက်ရှိလမ်းများကို အဆင့်ဆင့် တိုးချဲ့ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဒေသ၏ လိုအပ်ချက်အရ နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရက ချမှတ်ထားသော လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရမည်ဆိုသည့် ရည်မှန်းချက်အတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသည် မိမိတို့၏ ပင်မတာဝန်ဖြစ်သော လမ်း/တံတားများကို တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မွန်ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေးနှင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေလျက်ရှိသည်။

**တံတားစင်းရေ ၂၅၃၀**

လမ်းဦးစီးဌာနသည် ဒေသအတွင်း တာဝန်ယူဆောင်ရွက်သည့် လမ်းများတွင် ပြည်ထောင်စုအဆင့်မှ စီမံခန့်ခွဲသော လမ်း ၇လမ်း၊ ပြည်နယ်အဆင့်မှ စီမံခန့်ခွဲသော လမ်း ၃၇ လမ်း စုစုပေါင်း ၄၄ လမ်းရှိရာ လမ်းအရှည်မိုင် စုစုပေါင်း ၇၃၁ မိုင် ၅ ဖာလုံ ၅၆၁ ပေရှိသည်။ အကောင်အထည်ဖော်ပြီးစီးမှုအနေဖြင့် ကတ္တရာကွန်ကရစ် (AC) လမ်း ၂၅၇ မိုင် ၁ ဖာလုံ ၃၇၇ ပေ၊ ကတ္တရာလမ်း ၄၂၆ မိုင် ၂ ဖာလုံ ၁၅၇ ပေ၊ ကွန်ကရစ်လမ်း ၄ မိုင် ၂၇ ပေနှင့် မြေလမ်း ၄၄ မိုင် ၂ ဖာလုံ ပြီးစီးပြီဖြစ်သည်။ တံတားစင်းရေ စုစုပေါင်းမှာ ၂၅၃၀ ရှိရာ သံမဏိကြိုးဆိုင်းတံတား နှစ်စင်း၊ သံကူကွန်ကရစ်တံတား ၁၂၂၂ စင်း၊ ဘေလီတံတား တစ်စင်း၊ သစ်သားတံတား တစ်စင်း၊ သံကူကွန်ကရစ်ရေထွက်ပေါက် ၁၂၂၁ စင်း၊ ပိုက်ပြွန်တံတား ၈၃ စင်းဖြစ်ပြီး မွန်ပြည်နယ်တစ်ခုလုံး၏ Paved Ratio မှာ ၉၄ ရာခိုင်နှုန်းဖြစ်သည်။

**ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်**

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်မှစ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ၅ နှစ်တာကာလအတွင်း မွန်ပြည်နယ် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းတွင် ကတ္တရာလမ်းမှ ကတ္တရာကွန်ကရစ် (AC) လမ်းသို့ အဆင့်မြှင့်တင်ခြင်း ၉၈ မိုင် ၆ ဖာလုံ၊ မြေလမ်းအဆင့်မှ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း ၂၀ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်လမ်းခင်းခြင်း ၈ မိုင်၊ မြေကြီးလုပ်ငန်း (တာပေါင်လုပ်ငန်း+တစ်ကြောင်းထိုး လမ်းဖောက်လုပ်ခြင်း) ၉ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်းချဲ့ခြင်း ၁၉၂ မိုင် ၃ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး သစ်သားတံတားမှ အမြဲတမ်း သံကူကွန်ကရစ်တံတား ၁၈ စင်း၊ ပိုက်ပြွန်တံတားမှ Box Culvert အဖြစ် အစင်း ၆၀၊ သံကူကွန်ကရစ် တံတားအသစ်နှင့် Box Culvert အသစ် ၃၂၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၈ သို့*

“လမ်းဦးစီးဌာန၊ မွန်ပြည်နယ်မှ တာဝန်ယူဆောင်ရွက်သော နိုင်ငံတကာဆက်သွယ်သည့် အာဆီယံလမ်းမကြီးဖြစ်သည့် ဘုရားကြီး-မော်လမြိုင် - ထားဝယ် - မြိတ် - ဘုတ်ပြင်း-ကော့သောင်းလမ်း ၂၂၀ မိုင် ၁ ဖာလုံ ၃၅၅ ပေကို ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်မှစတင်၍ ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် ဆောင်ရွက်ခဲ့ရာ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ၁၉၉ မိုင် ၁ ဖာလုံ ၃၅၅ ပေ ဆောင်ရွက်နိုင်ခဲ့”

*စာမျက်နှာ ၁၇ မှ*

ထို့အပြင် သထုံခရိုင်တွင် ကျိုက်ထိုမြို့နယ်အပိုင်းရှိ ရန်ကုန်-မြိတ်လမ်းတွင် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်ကြီးများ၊ ကျိုက်ထီးရိုးဘုရားဖူးကာလများ၌ ဘုရားဖူးယာဉ်များ အပါအဝင် ယာဉ်သွားလာမှုမှာ ပိတ်ရက်များ၌ ယာဉ်စီးရေ ၅၀၀၀ မှ ၁၀၀၀၀ ကျော်ခန့် ဖြတ်သန်းသွားလာလျက်ရှိသဖြင့် ကျိုက်ထိုမြို့တွင်းအပိုင်းနှင့် ကျိုက်ထို-ကင်မွန်းစခန်း လမ်းအပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ကျိုက်ထိုမြို့ရှောင်လမ်း ၃ မိုင် ၅ ဖာလုံ၊ ထိုးမြေသားတာပေါင်လုပ်ငန်းနှင့် ကဒတ်ချောင်းတံတား ၂၄၀ ပေအရှည်၊ ၆၅ ပေအကျယ် (အသွားလမ်း/အပြန်လမ်း)အပါအဝင် သံကူကွန်ကရစ်တံတား ၁၃ စင်း ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်သည်။

**အလုပ်အကိုင်အခွင့်အလမ်းတိုး**

ထို့ပြင် ကျိုက်ထို-ကင်မွန်းစခန်းလမ်းသည် မူလက ၁၈ ပေ အကျယ် ကတ္တရာလမ်းဖြစ်သောကြောင့် ဘုရားဖူးရာသီအချိန်တွင် ယာဉ်ကြောကျပ်တည်းမှုများဖြစ်ပေါ်ပြီး လမ်း၏ ၃၀ ရာခိုင်နှုန်းခန့်မှာ ပျက်စီးနေသည့်အတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လေးလမ်းသွား ၁၄ ဒသမ ၆၃ မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီး နှစ်စဉ် ကျိုက်ထီးရိုးဘုရားဖူးကားများ ပိုမိုများပြားလာသော်လည်း ယာဉ်ကြောမကျပ်သည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။

တံတားများအနေဖြင့် မော်လမြိုင်ခရိုင်တွင် မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့ကို ဆက်သွယ်သည့် သံလွင်တံတား (ချောင်းဆုံ)ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် မေ ၉ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူလျင်မြန် ချောမွေ့လာပြီး ချောင်းဆုံမြို့နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေခဲ့သည်။



ရွှေသံလွင်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်ထားသော ဘုရားကြီး-စစ်တောင်း-ကျိုက်ထို-သထုံ-မော်လမြိုင် အဝေးပြေးလမ်းမကြီးကို တွေ့ရစဉ်။

ထို့အတူ ကျိုက်မရောမြို့နယ်တွင်လည်း အတ္ထရံမြစ်ကူး(စံပယ်ဂူ)ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ တွင် စတင်တည်ဆောက်ခဲ့ပြီး ချဉ်းကပ်လမ်းအရှည် ၆ မိုင်နှင့် အကျယ် ၄၀ ပေ မြေသားတာပေါင် တည်ဆောက်ခြင်း၊ ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း၊ သံကူကွန်ကရစ်တံတားငယ် ခုနစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ကြောင့် အတ္ထရံမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၁၅၈ ရွာနှင့် လူဦးရေ ၂ သိန်းကျော်ကို အကျိုးပြုနိုင်ခဲ့သည်။

ထို့ပြင် ထိုင်းနိုင်ငံသို့ ဆက်သွယ်ထားသည့် နိုင်ငံတကာ ဆက်သွယ်သည့် လမ်းမကြီးဖြစ်သည့် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းမှာ မွန်/ ကရင်နယ်စပ်အထိ ၉ မိုင် ၅ ဖာလုံရှိပြီး မြေလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါလမ်းအား လေးလမ်းသွားအထိ မျှော်မှန်း၍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် လျာထားလျက်ရှိသည်။

ဆက်လက်၍ သံဖြူဇရပ်- ကျိုက္ခမီလမ်း (၁၅ မိုင်)မှာ ၂၄ ပေအကျယ်နှစ်လမ်းသွားဖြစ်ပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်ကုန်ထိ ၆ မိုင် ၂ ဖာလုံကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသည့် ၈ မိုင် ၆ ဖာလုံ ကတ္တရာလမ်းကို လာမည့်ဘဏ္ဍာနှစ်များတွင် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်သွားရန် လျာထားသည်ဟု သိရသည်။

**ဒေသခံများသွားလာမှုအဆင်ပြေ**

သို့မို့ကြောင့် ကျိုက္ခမီရေလယ်ဘုရားသို့ ဘုရားဖူးများ ပိုမိုအဆင်ပြေကောင်းမွန်စွာ သွားရောက်ဖူးမြော်နိုင်တော့မည်ဖြစ်သည်။ ထို့အပြင် မော်လမြိုင် (ဟသ်ာအဝိုင်း)- ကျိုက်မရောလမ်း ၉ မိုင် ၇ ဖာလုံကို ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ် (AC)လမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့သောကြောင့် ကျိုက်မရောဘုရားကြီးကို လာရောက်ဖူးမြော်ကြည်ညိုသော ဘုရားဖူးများ၊ ကျိုက်မရောမြို့သို့ လာရောက်လည်ပတ်သော ပြည်သူများနှင့် ဒေသခံများအတွက် သွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေလျက်ရှိသည်။

ထို့အပြင် B.O.T စနစ်ဖြင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သော ဘုရားကြီး-စစ်တောင်း-ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းပိုင်းတွင် ၂၄ ပေအကျယ်မှ ၃၆ ပေ၊ ၄၈ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း (AC) သို့ ချဲ့ခြင်း ၁၀၄ မိုင် ၁ ဖာလုံတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်သည် BOT ရယူ၍ ဘုရားကြီး - ကျိုက်ထိုအပိုင်း (စစ်တောင်းတံတား-မုပ္ပလင် ချဉ်းကပ်လမ်း)အပါအဝင် ၆၄ မိုင် ၇ ဖာလုံကို ၂၈-၅-၂၀၀၆ ခုနှစ် ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းပိုင်း ၇၁ မိုင်၊ ၆ ဖာလုံကို ၂၆-၁၁-၂၀၀၉ ခုနှစ်တို့တွင် နှစ်ပေါင်း ၃၀ လမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းပိုင်းတို့မှာ BOT ရယူခဲ့စဉ်က ၁၈ ပေသာကျယ်သော လမ်းများဖြစ်သော်လည်း ယခုအခါ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီသည် ၃၆ ပေနှင့် ၄၈ ပေအထိ ချဲ့၍ ကတ္တရာကွန်ကရစ်(AC) လမ်းအဖြစ်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် မူလသစ်သားတံတား ၂၁၆ စင်းကိုလည်း ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်ပေးခဲ့သည်ဟု သိရသည်။

ထို့အပြင် အေးကို မိသားစု ဆောက်လုပ်ရေးကုမ္ပဏီမှလည်း ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း (AC) ခင်းခြင်း ၃၂ မိုင် ၄ ဖာလုံ၊ ၃၆ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း (AC) ခင်းခြင်း ၄ မိုင် ၄ ဖာလုံ၊ ၁၄၀ ပေ အရှည်၊ ၄၈ ပေအကျယ် သံကူကွန်ကရစ်တံတားအသစ်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း**

၎င်းအပြင် လမ်းဦးစီးဌာန၊ မွန်ပြည်နယ်မှ တာဝန်ယူဆောင်ရွက်သော နိုင်ငံတကာဆက်သွယ်သည့် အာဆီယံလမ်းမကြီးဖြစ်သည့် ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း ၂၂၀ မိုင် ၁ ဖာလုံ ၃၅၅ ပေကို ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာနှစ်မှစတင်၍ ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် ဆောင်ရွက်ခဲ့ရာ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ၁၉၉ မိုင် ၁ ဖာလုံ ၃၅၅ ပေ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် မွန်ပြည်နယ်လမ်းဦးစီးဌာနသည် ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါကလည်း လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် အချိန်မီဆောင်ရွက်ပေးလျက်ရှိသဖြင့် ယခုအခါ မွန်ပြည်နယ်ရာမညမြေတွင် လမ်း၊ တံတားများသည် ပန်းများပွင့်သလို ပွင့်လန်းဝေဆာ အလှဖြာလျက် ရှိနေပြီဖြစ်ကြောင်း ပါဗျား။ ॥

## Covid-19 ရောဂါထိန်းချုပ်ကာကွယ်ရေးအတွက် လှိုင်းဘွဲ့မြို့၌ ပိုးသတ်ဆေး ပက်ဖျန်း

**လှိုင်းဘွဲ့ ဇူလိုင် ၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းများအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်၊ ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့နှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းတို့ ပူးပေါင်း၍ မြို့ပေါ် ရပ်ကွက်နှင့် Quaratine Centre များအား ကလိုရင်း ဆေးရည် (ပိုးသတ်ဆေး) များကို ယနေ့နံနက်ပိုင်းက လိုက်လံပက်ဖျန်းပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ပိုးသတ်ဆေး လိုက်လံပက်ဖျန်းရာတွင် လှိုင်းဘွဲ့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းနှင့်အဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်၊ ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ လှိုင်းဘွဲ့မြို့နယ် လူမှုကယ်ဆယ်ရေးအသင်းတို့က လှိုင်းဘွဲ့မြို့ပေါ်ရှိ ကိုဗစ်-၁၉ ရောဂါကြောင့် ကန့်သတ်ခံထားရသည့် လမ်းများ၊ ပြည်သူ့ဆေးရုံ၊ မြို့ပေါ်ရပ်ကွက်များနှင့် Quaratine Centre များ၊ မြို့မဈေး၊ ကန့်သတ်ခံရသည့် လမ်းရေိယာများနှင့် အများသွားလာနိုင်သည့် နေရာများအား ပိုးသတ်ဆေးဖျန်းကားသုံးစီး၊ မီးသတ်ယာဉ်တစ်စီး၊ ရေသည်ယာဉ်တစ်စီးဖြင့် ကလိုရင်း ဆေးရည်(ပိုးသတ်ဆေး)များ လိုက်လံပက်ဖျန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

## ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ဈေးနှုန်းမြင့်တက်ရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်

**ဘိုကလေး ဇူလိုင် ၆**

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်တွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ ဇူလိုင် ၅ ရက်က မြို့နယ်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ စတိုးဆိုင်များသို့ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ကုသရေးဆိုင်ရာ ပစ္စည်းများ ဈေးနှုန်းမြင့်တက်ရောင်းချမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။

ဆောင်ရွက်ရာတွင် မြို့နယ်တွင်းရှိဆိုင်များအား နှာခေါင်းစည်း၊ Face Shield၊ လက်အိတ်များအပါအဝင် အခြားကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ ကြိုတင်ကာကွယ် သောက်သုံးသည့် ဆေးဝါးများအား ဈေးနှုန်းမြင့်တက် ရောင်းချမှုမရှိစေရေး လမ်းညွှန်မှာကြားခဲ့ပြီး လေးနက်စွာ အသိပေးကြပ်မတ်ခဲ့ကြသည်။

ယခုလက်ရှိ ဘိုကလေးမြို့နယ်၊ ကျေးရွာအုပ်စုများမှ ကိုဗစ်-၁၉ ကူးစက်ရောဂါ အတည်ပြုလူနာ သုံးဦးနှင့် မြို့ပေါ်ရပ်ကွက်မှ လေးဦး၊ စုစုပေါင်း ခုနစ်ဦးရှိပြီး ဘိုကလေးမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသခံယူလျက်ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ခရမ်းမြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၆**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကမာမတ်ကျေးရွာတွင် ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်း (၅/၂၀၂၂) ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်ကာကွယ်ရေး စည်းကမ်းချက်များနှင့် အညီ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲကို ဇူလိုင် ၅ ရက်က ခရမ်းမြို့နယ် ကမာမတ်ကျေးရွာခန်းမ၌ ကျင်းပရာ တွံတေးငါးလုပ်ငန်း အတတ်သင်သိပ္ပံကျောင်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာမောင်၊ တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ သင်တန်းဆရာ ဆရာမများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးရဲမွန်အောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကျေးရွာမှ တာဝန်ရှိသူများ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် သင်တန်းသား ၂၀ တို့ တက်ရောက်ကြောင်း သိရသည်။



**သတင်းစဉ်**

## ရွှေကျင်မြို့နယ် စစ်တောင်းမြစ်အတွင်း ငါးရစ်ငါးသန်ကာလအတွင်း ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၆**

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန်ကာလအတွင်း တရားမဝင် ငါးဖမ်းဆီးမှုများမရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို အင်းလုပ်ငန်းဆောင်ရွက်နေသည့် အင်းသားကြီးများ၊ ရေလုပ်သားကြီးများနှင့် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းလှိုင်နှင့် လက်ထောက်ဦးစီးမှူး ဦးဝင်းမင်းထွဋ်တို့သည် ပကွီးအင်းသားကြီး၊ ဒလဆိပ်ချောင်းကျိုး တင်ဒါချက် အင်းသားကြီးတို့နှင့်အတူ ဇူလိုင် ၃ ရက်နှင့် ၅ ရက်က ငါးရစ်ငါးသန်ကာလအတွင်း တရားမဝင်ငါးဖမ်းမှုများ မရှိစေရေးနှင့် ကာကွယ်တားဆီးရေးအနေဖြင့် စစ်တောင်းမြစ်၊ ကျောက်ကြီး ချောင်းအတွင်းနှင့် ဒလဆိပ်ချောင်းကျိုး တင်ဒါချက်များအတွင်းသို့ ကွင်းဆင်းပြီး တရားမဝင်ငါးဖမ်းပိုက်များဖြစ်သော သုံးထပ်ပိုက် လေးလက်၊ တားပိုက် ၂၅ လက်တို့အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၇ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၆၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၇၁ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၂ . ၂၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၂ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၈၅၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၃၃၀ | ၂၉၃၇၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၁၄ | ၄၉၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၇၃ | ၁၉၃၄၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၃၆ | ၁၁၁၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
၇-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

MRTV
၀၆:၀၀ ရတနသုတ်ပရိတ်တရားတော်
၀၇:၁၅ ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဆီမီးဖိုင်နယ်)(ရန်ကုန်နှင့်မကွေး)
၀၉:၁၀ မွေးမြူရေးရာအဖြာဖြာ
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၄၅ ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
၁၃:၁၀ သီချင်းကြီးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၄၅ ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဆီမီးဖိုင်နယ်)(ကရင်နှင့်မန္တလေး)
၁၇:၃၅ MRTV Travelogue
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၂၅ ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု
၁၉:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၁၈)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဝသာန်ဒါမီတေးသံသီ ဖျော်ဖြေမှုအစီအစဉ်
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၁)
၂၂:၁၀ ပြည်သူ့နီတိ 'လက်လှန်'

mitv
07:01 News
07:27 Exceptional Life Styles of Inle Lake
07:46 Finding Ways for Coexistence between People and Elephants
08:01 The Crocodiles of Meinmahla Island
08:29 Innovative Handiworks Based On The Art Of Line Drawing
08:48 Toddy Palm Product Shop
09:01 Next Generation "Saw Noel (Violinist)"
09:11 Ecotourism: White City Block & Japanese Underground Hospital
09:27 Mommy Cook: The Foster Mother
09:45 Traditional Thatch Roof - Thet Nge
10:01 Famous Pagodas of Sagaing
10:25 Discovering Tribes: Ancient Kayah their life and customs
11:21 Hand Down Arts Heritage

MRTV NRC
ကချင် (၀၆:၀၀ မှ ၀၈:၀၀) လက်ကိုင်ဖုန်း နှင့် ကျန်းမာရေး
ကယား (၀၈:၀၀ မှ ၁၀:၀၀) စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင် ရိုးရာဝလေ့
ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) ခနိုပြုလုပ်ပုံ
အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀) ကရင်စကားပုံများအကြောင်း(အပိုင်း-၂)
အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀) ကရင်ဒီဗိုင်နာဟိဟိ နှင့် တွေ့ဆုံမေးမြန်းခြင်း
ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀) ငါးမာလာဟင်းချက်ပြုတ်နည်း
ချင်း (ဆိုး) (၁၄:၀၀ မှ ၁၅:၀၀) မင်းတပ်မြို့ရဲ့မိုးရာသီ အလှပုံရိပ်များ (အပိုင်း-၂)
မွန် (၁၅:၀၀ မှ ၁၈:၀၀) ကော့နပ်ရွာကဦးနာအောက်ဘုရား
ရခိုင် (၁၈:၀၀ မှ ၁၉:၀၀) အိပ်မက်ကကြိုးကခုန်သူ
ရှမ်း (၁၉:၀၀ မှ ၂၁:၀၀) နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ
ဝ (၂၁:၀၀ မှ ၂၃:၀၀) မြင်းခွာရွက် နှင့် ကျန်းမာရေး

MRTV Sports
၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၁၅ ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဆီမီးဖိုင်နယ်)(ရန်ကုန်နှင့်မကွေး)
၁၄:၄၅ ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဆီမီးဖိုင်နယ်)(ကရင်နှင့်မန္တလေး)

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal
SCAN ME

# ပြည်သူအများ သိလိုသည့် မေးခွန်းနှင့် အဖြေများ

မင်းခန့်

**မကြာခင်ရက်ပိုင်းကပဲ စာရေးသူအနေနဲ့ "မဲမသမာမှုဖြစ်ခဲ့သည့် ငြင်းမရနိုင်သောအချက်များ" ဆိုတဲ့ ဆောင်းပါးကို အစိုးရထုတ်သတင်းစာများမှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလိုရေးလိုက်တော့ ဆောင်းပါးကို စိတ်ဝင်စားတဲ့သူတွေက လူမှုကွန်ရက် (facebook)ပေါ်မှာ ပြန်လည်မျှဝေကြပြီး ဆွေးနွေးဝေဖန်သုံးသပ်လာကြတာကို တွေ့ရပါတယ်။ ဒီလိုဆွေးနွေးဝေဖန် သုံးသပ်ပေးကြတဲ့သူတွေကိုလည်း စာရေးသူအနေနဲ့ အထူးကျေးဇူးတင်ရှိကြောင်း ပြောပါရစေ။ ဒီလိုဆွေးနွေးကြတဲ့နေရာမှာ ရရှိလာတဲ့ အကျိုးကျေးဇူးက ဒီ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ မဲမသမာမှုတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေရင်ထဲမှာရှိနေတဲ့ မတင်မကျဖြစ်နေတဲ့ မေးခွန်းတွေ၊ စိတ်ခံစားချက်တွေ၊ ဆွေးနွေးချက်တွေ ပေါ်ထွက်လာတာပါပဲ။ ဒါက အင်မတန်မှ ကောင်းမွန်တဲ့အချက်ပါ။ စာရေးသူအနေနဲ့ ပြည်သူတွေရဲ့ မတင်မကျဖြစ်နေတဲ့ ခံစားချက်တွေ၊ မေးခွန်းတွေကို မိမိတတ်စွမ်းသမျှ ပြန်လည်ရှင်းလင်းတင်ပြဖို့ အခွင့်အရေးရရှိလာပါတယ်။ ဒါကြောင့်လည်း ဒီဆောင်းပါးလေး ထပ်မံပေါ်ထွက်လာရတယ်ဆိုပါတော့ဗျာ။**

မြန်မာနိုင်ငံမှာ ယခုလက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ ပတ်သက်ပြီး ပြည်သူအများ စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း သိရှိလိုတဲ့မေးခွန်းကတော့ **တပ်မတော်က ဘာကြောင့်အာဏာထိန်းရသလဲ**ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ **ဒီမေးခွန်းကို ရိုးရိုးရှင်းရှင်းနဲ့ ခပ်တိုတိုဖြေရမယ်ဆိုရင်တော့ တစ်ပါတီအာဏာရှင်စနစ် ပြန်မဖြစ်ရလေအောင် ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီစနစ်မယိုင်လဲရအောင် မည်သို့မျှလက်ခံလို့မရတဲ့ အခြေအနေအထိဖြစ်ခဲ့ရတဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ မဲလိမ်မဲခိုးမှုတွေကြောင့် အခြေခံဥပဒေအရ တပ်မတော်က အာဏာထိန်းရခြင်းဖြစ်တယ်လို့ ဖြေရမှာပါ။** ဒါကြောင့်လည်း "မဲမသမာမှုဖြစ်ခဲ့သည့် ငြင်းမရနိုင်သော အချက်များ"ဆိုတဲ့ ယခင်ဆောင်းပါးမှာ စာရေးသူအနေနဲ့ NLD အစိုးရ၊ ပါတီနဲ့၊ ယခင် UEC တို့ ပူးပေါင်းပြီး ဘယ်လိုမဲမသမာမှုတွေ ဆောင်ရွက်ခဲ့ကြတယ်ဆိုတာကို သုံးသပ်ဆွေးနွေးပေးခဲ့တာ ဖြစ်ပါတယ်။

## တာဝန်တွေကို မထမ်းဆောင်နိုင်

ဒီအကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး ပြည်သူလူထုကြီးသိချင်နေကြတဲ့ နောက်ထပ် မေးခွန်းတစ်ခုက **ယာယီသမ္မတက အရေးပေါ်အခြေအနေကြေညာတာ ဥပဒေနဲ့ ညီသလားဆိုတဲ့** မေးခွန်းပါပဲ။ ညီပါတယ်ဆိုတဲ့အဖြေကို နားလည်ဖို့ အခြေခံဥပဒေကို သဘောပေါက်ဖို့ အနည်းငယ်လိုအပ်လာပါတယ်။ အမှန်တော့ NLD အနေနဲ့ အစိုးရစတက်လာချိန်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် ပြဋ္ဌာန်းခဲ့တဲ့ "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ" ကို ပြဋ္ဌာန်းကတည်းက အခြေခံဥပဒေကို လက်တစ်လုံးခြားလုပ်ဖို့ စတင်ခဲ့တာလို့ ပြောလို့ရတာပေ့ါ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သူ့အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေကို ချိုးဖောက်ပြီး အတိုင်ပင်ခံဥပဒေက ခွင့်ပြုထားတာထက်ပိုပြီး သမ္မတတစ်ဦးကဲ့သို့ ဝင်ရောက်ဆုံးဖြတ်လုပ်ကိုင်နေတဲ့ကိစ္စတွေ၊ လုပ်ဆောင်ချက်တွေ များစွာရှိခဲ့တယ်။ သမ္မတအထက်မှာနေမယ်လို့လည်း သူကိုယ်တိုင် ကမ္ဘာသိထုတ်ဖော် ပြောခဲ့တာပါ။ အဲဒီတော့ အခြေခံဥပဒေပုဒ်မ ၁၆ "နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲသည် သမ္မတဖြစ်သည်။" ဆိုတာကို အလိုလိုပျက်ယွင်းပြီးသား၊ ချိုးဖောက်ပြီးသား ဖြစ်နေခဲ့တာပါ။ သမ္မတကြီးအနေနဲ့လည်း သူဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်း မရှိခဲ့တာကြောင့် အခြေခံဥပဒေ ပုဒ်မ ၇၁ (က) ၂/၄/၅ မှာ ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံပါပြဋ္ဌာန်းချက်တွေကို မလိုက်နာတာ၊ သမ္မတတစ်ယောက်ရဲ့ အရည်အချင်းပျက်ယွင်းတာ၊ ဥပဒေအရပေးထားတဲ့ တာဝန်တွေကို မထမ်းဆောင်နိုင်တာမျိုးတွေ ဖြစ်ခဲ့တာပေ့ါ။

## သိလျက်နဲ့ ချိုးဖောက်

နောက်တစ်ချက်ကတော့ အများသိပြီးဖြစ်တဲ့ နိုင်ငံတော်သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပါတီလုပ်ငန်းတွေမှာ ဖြောင်ကျကျဝင်ရောက်ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေပါ။ **အခြေခံဥပဒေပုဒ်မ ၆၄ နဲ့ ၂၃၂ (ဋ) တွေမှာ နိုင်ငံတော်သမ္မတတွေ၊ ပြည်ထောင်စုဝန်ကြီးတွေဟာ ပါတီလုပ်ငန်းတွေ ဝင်ရောက်ဆောင်ရွက်ခွင့်မရှိဘူးဆိုတာ အတိအလင်း ပြဋ္ဌာန်းထားပြီးသားပါ။ ဒီလိုတွေပြဋ္ဌာန်းထားရတာက မြန်မာနိုင်ငံရဲ့ ပါလီမန်ဒီမိုကရေစီခေတ်မှာ ရှိခဲ့ဖူးတဲ့ ပါတီနိုင်ငံရေး လွန်ကဲမှုတွေ၊ အစိုးရရဲ့ အခွင့်အာဏာကိုသုံးပြီး မိမိပါတီရဲ့ အကျိုးစီးပွားကို ဆောင်ရွက်တာတွေ မဖြစ်ရအောင် အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးကို စည်းခြားပေးထားတာ ဖြစ်ပါတယ်။** ဒါတွေကို သိသိလျက်နဲ့ ချိုးဖောက်ပြီး COVID-19 ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားနေတဲ့ကာလကြီးမှာ မဲဆွယ်တဲ့ကိစ္စတွေ ဆောင်ရွက်ခဲ့လို့လည်း ရဲအရေးပိုင်တဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနဲ့ တရားစွဲဆိုခံရတာတွေ ဖြစ်လာခဲ့တာပေ့ါ။

ဒီလိုမျိုးတွေဖြစ်လာတော့ အခြေခံဥပဒေပုဒ်မ ၇၃ (က) မှာ တစ်စုံတစ်ခုသောအကြောင်းကြောင့် သမ္မတနေရာလစ်လပ်သွားရင် လွှတ်တော်ကနေ ဒုတိယမဲအများဆုံးနဲ့ ရွေးချယ်ထားတဲ့ ဒုတိယသမ္မတတစ်ဦးက ယာယီသမ္မတအဖြစ် ထမ်းဆောင်ရမယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ဒီပုဒ်မမှာ ရည်ညွှန်းတဲ့ တစ်စုံတစ်ခုသောအကြောင်းကြောင့်ဆိုတာက ရှေ့မှာဖော်ပြခဲ့တဲ့ သမ္မတတစ်ယောက်ရဲ့ အရည်အချင်းပျက်ယွင်းတဲ့ကိစ္စတွေ၊ တာဝန်ပျက်ကွက်မှုတွေ၊ အခြေခံဥပဒေ ချိုးဖောက်မှုတွေနဲ့၊ ရဲအရေးပိုင်တဲ့ ကိစ္စရပ်တွေ အကျုံးဝင်သွားတာပေ့ါ။ ဒါကြောင့် ယာယီသမ္မတကနေ အရေးပေါ်အခြေအနေကြေညာတာ အခြေခံဥပဒေနဲ့ ညီညွတ်ပါတယ်။

## UEC အကျပ်ရိုက်မယ်ထင်

နောက်ထပ်မေးခွန်းတစ်ခုက တပ်မတော်က မဲစာရင်းတွေ ဝင်စစ်လို့ရလားဆိုတဲ့ ကိစ္စပါ။ စစ်လို့ရတာပေ့ါ။ တပ်မတော်မှမဟုတ်ပါဘူး၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ ၁၅ (ခ) အရ နိုင်ငံသားတစ်ဦးချင်းစီမှာ ဒီမဲစာရင်းကို မိတ္တူကူးယူခွင့် ရှိပါတယ်။ မိတ္တူကူးတယ်ဆိုမှတော့ ဒီမဲစာရင်းကို စစ်ဆေးချင်လို့ စေ့စေ့စပ်စပ် လေ့လာဖို့အတွက် အထောက်အထားလိုချင်လို့ပေ့ါဗျာ။ ဆိုလိုတာက မဲစာရင်းဆိုတာက ပြည်သူလူထုရဲ့ အချက်အလက်တွေ၊ မဲပေးပိုင်ခွင့်ရှိသူအားလုံးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေဖြစ်ပါတယ်။ အများပိုင်အချက်အလက်တွေဖြစ်ပါတယ်။ မဲပေးပိုင်ခွင့်ရှိတဲ့ တပ်မတော်သားတွေအားလုံးက ပြည်သူများနဲ့ တစ်ပြေးညီ သက်ဆိုင်ရာ မဲရုံတွေမှာ မဲပေးခဲ့ကြတာပါ။ ဒါက လူတစ်ဦးချင်းစီနဲ့ အဖွဲ့အစည်းတိုင်းရဲ့ လွတ်လပ်ပိုင်ခွင့်ပဲ။ အခြေခံဥပဒေအရ တပ်မတော်က အမျိုးသားနိုင်ငံရေးအရ ဒီမိုကရေစီလမ်းကြောင်း မယိမ်းယိုင်အောင် ဝင်ရောက်ထိန်းကျောင်းနိုင်တဲ့ အခွင့်အရေးလည်း ရှိနေတာဖြစ်ပါတယ်။ **တပ်မတော်မှမဟုတ်ပါဘူး၊ စိတ်ဝင်စားတဲ့ မည်သည့်အဖွဲ့အစည်းမဆို ဒီမဲစာရင်းတွေကို စစ်ဆေးကြည့်လို့ရတာပါပဲ။** သုတေသနပြုကြည့်လို့ ရတာပါပဲ။ ဒါကြောင့် တပ်မတော်အနေနဲ့ စစ်ဆေးတွေ့ရှိချက်တွေကိုသာ ထုတ်ပြန်ကြေညာပြီး တာဝန်ရှိတဲ့ UEC က ဖြေရှင်းပေးဖို့၊ အရေးယူဆောင်ရွက်ဖို့ တောင်းဆိုခဲ့တာ တွေ့ရမှာပါ။ ကိုယ်ကမှန်နေရင် ဘာကြောင့် အစစ်ဆေးမခံနိုင်သလဲဆိုတဲ့ မေးခွန်းမေးလာရင်တော့ ယခင် UEC အကျပ်ရိုက်မယ်ထင်တယ်။

တချို့ကတော့ ဒီလောက်ကြာနေပြီ **အခု UEC စစ်နေတာတွေက အခုထိ မပြီးနိုင်သေးဘူးလား၊ အပြီးသတ်ထုတ်ပြန်ချက် မထုတ်နိုင်သေးဘူးလား၊ တာဝန်ရှိသူတွေကို ဘယ်လိုအရေးယူမှာလဲလို့** မေးကြပါတယ်။ ဒီမေးခွန်းတွေကတော့ ယခု UEC နဲ့သာ တိုက်ရိုက်သက်ဆိုင်မယ်ထင်ပါတယ်။ စာရေးသူလေ့လာမိသလောက် **ရွေးကောက်ပွဲလုပ်နိုင်ခဲ့တဲ့ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်မှာ ၃၀၉ မြို့နယ်က**

*စာမျက်နှာ ၂၁ သို့*







○ အမှန်တော့ NLD အနေနဲ့ အစိုးရစတက်လာချိန်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် ပြဋ္ဌာန်းခဲ့တဲ့ "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ" ကို ပြဋ္ဌာန်းကတည်းက အခြေခံဥပဒေကို လက်တစ်လုံးခြားလုပ်ဖို့ စတင်ခဲ့တာလို့ ပြောလို့ရတာပေ့ါ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သူ့အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေကို ချိုးဖောက်ပြီး အတိုင်ပင်ခံဥပဒေက ခွင့်ပြုထားတာထက်ပိုပြီး သမ္မတတစ်ဦးကဲ့သို့ ဝင်ရောက်ဆုံးဖြတ် လုပ်ကိုင်နေတဲ့ကိစ္စတွေ၊ လုပ်ဆောင်ချက်တွေ များစွာရှိခဲ့တယ်






# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ တွေ့ဆုံ

**ဘားအံ ဇူလိုင် ၆**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တွေ့ဆုံသည့် အခမ်းအနားကို ယမန်နေ့က ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဦးစောမြင့်ဦးက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်း ပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း၊ ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ပြဋ္ဌာန်းထားသည့် နိုင်ငံ့ဝန်ထမ်း ဥပဒေများကို တိတိကျကျလိုက်နာရန်လိုပြီး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို အချိန်အခါမရွေး တင်ပြနိုင်ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလဖြစ်သည့်အတွက် ပေါ့ပေါ့ဆဆမနေကြဘဲ ကျန်းမာရေးကို အထူးဂရုပြုကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် အထက်ဝန်ထမ်းများက တာဝန်ထမ်းဆောင်ရာတွင် ကြုံတွေ့ရသည့် အခြေအနေများ၊ လုပ်ငန်းများ လျင်မြန်လွယ်ကူချောမွေ့စေရေးအတွက် အကြံပြုတင်ပြချက်များနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# နတ်မောက်မြို့နယ်တွင် လူထုအခြေပြုဗဟိုဌာန တည်ဆောက်လျက်ရှိ

**နတ်မောက် ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန အာစီသုံးထပ် ဆောက်လုပ်နေမှုကို ယမန်နေ့က အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမောင်မောင်ကျော်၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဥမ္မာခင်၊ မြို့နယ်လျှပ်စစ်မှူး၊ မြို့နယ်လမ်း ဦးစီးဌာနမှ အင်ဂျင်နီယာ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာတို့က အဆောက်အအုံကို အရည်အသွေးပြည့်မီပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး ကွင်းဆင်းစစ်ဆေးသည်။

နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန သုံးထပ်တည်ဆောက်ခြင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၃၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မူမူစန်း (ပြန်/ဆက်)**



# တနိုင်းမြို့နယ်တွင် ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တနိုင်း ဇူလိုင် ၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း ပန်းခင်းစီမံချက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးကပန်းခင်းစီမံချက်အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့များအား ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ဖွဲ့စည်းပေးပြီး သက်ဆိုင်ရာဌာနဖြင့် ချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်စု အုပ်ချုပ်ရေးမှူးများက အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

**ဝါဝါ(ပြန်/ဆက်)**


*စာမျက်နှာ ၂၀ မှ*


**စစ်ဆေးပြီးသွားပါပြီ။ ကျန်ရှိတဲ့ မြို့နယ်တွေ စစ်ဆေးပြီးရင်တော့ အချက်အလက် ခိုင်ခိုင်လုံလုံနဲ့ ဘယ်လိုမဲမသမာမှု မဲခိုးမှုတွေလုပ်ခဲ့တယ် ဆိုတာကို အထောက်အထားတွေနဲ့ ရှင်းလင်းမှုတွေ ထွက်လာမယ်လို့ထင်ပါတယ်။** ဒီနေရာမှာ အရေးကြီးတာက စာရင်းဇယားတွေထက် ဘယ်လိုပုံစံနဲ့ မဲမသမာမှုတွေလုပ်ဖို့ ကြိုတင်ပြင်ဆင်ခဲ့တယ်၊ ဘယ်လိုအထောက်အထားတွေ တွေ့ရတယ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေ ဘယ်လိုဝင်ရောက် ပတ်သက်ခဲ့တယ်ဆိုတာတွေကို အထောက်အထားတွေနဲ့တကွ ချပြနိုင်ဖို့ အရေးကြီးမယ်ထင်ပါတယ်။ ဥပမာ ဒီမှာတော့ မဲလက်မှတ်လက်ခံဖြတ်ပိုင်း၊ ဒီမှာတော့ ကျန်ရှိနေတဲ့မဲလက်မှတ်တွေ၊ ဒီမှာတော့ ပိုနေတဲ့ မဲစာရွက်တွေ၊ ဒါကြောင့် ဘယ်လောက် ပျောက်ဆုံးနေတယ်ဆိုတာမျိုးတွေပါ။ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်တွေက လက်ရေးမူနဲ့ ရေးပေးထားတဲ့ ခန့်အပ်ရမယ့် ရွေးကော်အဖွဲ့စာရင်းမူရင်းတွေ၊ NLD အသာရအောင် ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်မူရင်းတွေကို ချပြဖို့ လိုလိမ့်မယ် ထင်ပါတယ်။ သမိုင်းမှတ်တမ်းကျန်ဖို့နဲ့ နောက်လာမယ့်ရွေးကောက်ပွဲတွေအတွက် သင်ခန်းစာယူနိုင်အောင်အတွက် ဖော်ထုတ်သုံးသပ်ချက်တွေကို ရှင်းလင်းမြင်သာတဲ့ မှတ်တမ်းများနဲ့ ထုတ်ပြန်မယ်လို့ ထင်ပါတယ်။

မဲစာရင်းတွေဖောင်းပွနေတဲ့ကိစ္စနဲ့ NLD အစိုးရအနေနဲ့ ယခင် UEC ရဲ့ လုပ်ငန်းကိစ္စတွေမှာ ဝင်ရောက် စွက်ဖက်နေတယ်ဆိုတာကတော့ မေးခွန်းထုတ်နေစရာကို မလိုတော့ပါဘူး။ အချို့နေရာတွေမှာ NLD ဝန်ကြီးချုပ်တွေအစီအစဉ်နဲ့ ခန့်အပ်ခဲ့တဲ့ ရွေးကော်အဖွဲ့တွေနဲ့ ရပ်/ကျေးဥက္ကဋ္ဌတွေပေါင်းပြီး အခြားပါတီထောက်ခံသူတွေကို မဲစာရင်းထဲမပါအောင် ဆောင်ရွက်ခဲ့တဲ့ အဖြစ်အပျက်တွေပါရှိတယ်လို့ သိနေရပါတယ်။ ဒီလိုပြစ်မှုကျူးလွန်ခဲ့သူတွေကိုတော့ သက်ဆိုင်ရာဥပဒေတွေအရ အရေးယူဆောင်ရွက်မှုတွေ မြင်တွေ့ရလိမ့်မယ်လို့ ထင်ပါတယ်။

### သန့်ရှင်းမျှတတဲ့ ရွေးကောက်ပွဲ

နောက်ထပ်မေးခွန်းတစ်ခုကတော့ **တပ်မတော်က ၎င်းရဲ့မိတ်ဖက်ပါတီ USDP မနိုင်လို့ မဲစာရင်းတွေဝင်စစ်တာလားဆိုတဲ့** မေးခွန်းပါ။ စာရေးသူအမြင်အရ **တပ်မတော်က NLD အနိုင်ရခဲ့တဲ့**




**ရွေးကောက်ပွဲရလဒ်ကို လက်မခံနိုင်လို့ ဖြစ်ခဲ့တဲ့ ပြဿနာဆိုရင် USDP အစိုးရလက်ထက်မှာ ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာထဲက မဲစာရင်းဝင်စစ်တဲ့ ကိစ္စတွေ လုပ်ခဲ့မှာပေါ့။ ဒီရွေးကောက်ပွဲများဟာ NLD က သောင်ပြိုကမ်းပြိုအနိုင်ရခဲ့တဲ့ ရွေးကောက်ပွဲတွေ ဖြစ်ပါတယ်။** သို့သော်လည်း ဒီရွေးကောက်ပွဲတွေက သန့်ရှင်းမျှတတဲ့ ရွေးကောက်ပွဲက ရရှိလာတဲ့ မဲရလဒ်ဖြစ်တယ်။ ပြည်သူ့ဆန္ဒ အမှန်ထင်ဟပ်နေတယ်။ သက်ဆိုင်ရာရွေးကော်ကလည်း အငြင်းပွားမှုတွေကို နိုင်နိုင်နင်းနင်း ဥပဒေနဲ့အညီ ဖြေရှင်းပေးနိုင်ခဲ့တဲ့အတွက် တပ်မတော်အနေနဲ့ ဒီရွေးကောက်ပွဲတွေနဲ့ ပတ်သက်ပြီး မဲစာရင်းစစ်ဆေးစရာ၊ ကန့်ကွက်စရာ၊ မေးခွန်းထုတ်စရာ အခြေအနေမရှိပါဘူး။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲကျမှသာ မဲဖောင်းပွနေမှုတွေ၊ မတရားမှုတွေ၊ မဲလိမ်မဲခိုးမှုတွေက မဖုံးနိုင်မဖိနိုင်ပေါ်ပေါက်ခဲ့လို့ NLD မဟုတ်တဲ့ အခြားသော နိုင်ငံရေးပါတီတွေက တပ်မတော်ကို မဲစာရင်းတွေ ဝင်ရောက်စစ်ဆေးပေးဖို့ တောင်းဆိုခဲ့ကြတာပါ။ ပါတီနိုင်ငံရေး အငြင်းပွားမှုတွေကနေ စတင်ခဲ့တာပါ။ ဒါကြောင့် တပ်မတော်အနေနဲ့ မဲစာရင်းတွေကို ဝင်ရောက်စစ်ဆေးခဲ့တာ ဖြစ်တယ်ဆိုတာ တွေ့နိုင်ပါတယ်။ အငြင်းပွားဖွယ်ရာ စာရင်းတွေကို တွေ့ရှိနေခဲ့ပေမယ့် ဦးလှသိန်း ဦးဆောင်တဲ့ ရွေးကော်က မှန်မှန်ကန်ကန်နဲ့ တရားနည်းလမ်းတကျ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ရင် နိုင်ငံတော်ရဲ့ အရေးပေါ်အခြေအနေအထိကို ရောက်ရှိလာခဲ့စရာ အကြောင်းကိုမရှိပါဘူး။

### ပြည်သူလူထုကို လိမ်လည်

နိဂုံးချုပ်ရရင်တော့ NLD အနေနဲ့ မဲပြဿနာကို ၎င်းအစိုးရ တာဝန်ယူနေတဲ့အချိန်မှာ အဖွဲ့စုံနဲ့ စစ်ဆေးပြီး ဖြေရှင်းခဲ့မယ်ဆိုရင်လည်း အခုတွေ့နေရတဲ့ မဲမသမာမှုတွေက ပေါ်ပေါက်လာမယ့် ကိစ္စရပ်တွေပါပဲ။ ဖုံးဖိထားလို့ မီးရှို့ဖျောက်ဖျက်ပစ်လိုက်လို့ရတဲ့ ကိစ္စမျိုးတွေမဟုတ်ပါဘူး။ **တကယ်လို့ NLD အစိုးရ၊ ပါတီနဲ့ ယခင် UEC အနေနဲ့ မဲမသမာမှုမလုပ်ခဲ့ဘူးဆိုရင် မိမိတို့မှန်ကန်ကြောင်း သက်သေပြနိုင်ပြီး စွပ်စွဲသူတွေကိုတောင် နိုင်ငံရေးအရ ထိုးနှက်လို့ရနိုင်တာ မဟုတ်ဘူးလား။ သို့သော်လည်း မဲမသမာမှုက ဖုံးဖိလို့မရတဲ့အခြေအနေဖြစ်တာကြောင့် မဖြေရှင်းခဲ့ဘူးလို့ပဲ ဆိုရတော့မှာပါ။ မိမိပါတီရဲ့ခေါင်းဆောင်နဲ့ ပါတီပုံရိပ်ကို အထိခိုက်မခံဘဲ ဘူးခံငြင်းသွားတယ်လို့ပဲ သုံးသပ်ရပါတယ်။ သို့သော်လည်း ယခုလို ပြည်သူလူထုကို လိမ်လည်လှည့်ဖြားပြီး လမ်းပေါ်ဆွဲထုတ်၊ မဲမသမာမှုတွေကို ဖုံးဖိပြီး အာဏာကို ဖြတ်လမ်းနည်းနဲ့ပြန်ယူဖို့ ကြိုးစားနေတာကတော့ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ကိစ္စရပ်တွေပါ။** နိုင်ငံနဲ့ ပြည်သူရဲ့ ကောင်းကျိုးထက် ပါတီကောင်းကျိုး၊ ပါတီခေါင်းဆောင်ရဲ့ ကောင်းကျိုးကိုပဲ ကြည့်ခဲ့တယ်လို့ဆိုရတော့မှာ ဖြစ်ပါတယ်။ စာရေးသူရဲ့ ဖြေဆိုချက်တွေကနေ သုံးသပ်ဆင်ခြင်စရာတွေရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ။



# ကျောင်းကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသ

**ကျောင်းကုန်း ဇူလိုင် ၆**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းအုပ်စု မင်းမနိုင်ကျေးရွာ အဆင့်မြင့်လယ်ယာမြေဧက ၂၇ဝ တွင် တောင်သူ ဦးထွန်းလင်းအောင်၏ လယ်မြေ ငါးဧက၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ဆင်းသုခ စပါးအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသပွဲကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အဆင့်မြင့်လယ်ယာမြေတွင် ကောက်စိုက်စက်ဖြင့် ဧက ၂ဝ စိုက်ပျိုးမည်ဖြစ်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် ဒေသအတွင်းရှိ တောင်သူများ အလုပ်သမားရှားပါးမှု ပြဿနာများ ဖြေရှင်းပေးနိုင်ခြင်း၊ စပါးပင်များ ညီညီညာညာဖြင့် အောင်မြင်ဖြစ်ထွန်းခြင်း၊ ပျိုးသက်နုဖြင့် စိုက်ပျိုးခြင်းကြောင့် အပင်ပွားစီးမှုကောင်းခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အလျင်အမြန်ကူးပြောင်းနိုင်ရေးတွင် အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်းသိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကုလားအော်ငရုတ်သီးဈေး ပြန်လည်မြင့်တက်လာသဖြင့် စိုက်ပျိုးတောင်သူများ အဆင်ပြေ

**ကောလင်း ဇူလိုင် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ကောလင်းဈေးကွက်ကို အမှီပြု၍ ကုလားအော်ငရုတ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြရာ ယခုနှစ် ကုလားအော် ငရုတ်သီးသည် ဇွန်လအတွင်း ဈေးမကောင်းခဲ့သော်လည်း ယခုအခါ ဈေးနှုန်းပြန်လည် မြင့်တက်လာသဖြင့် စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိသည်။

"ကုလားအော် ငရုတ်သီးကို နိုဝင်ဘာလမှာ စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလထဲမှာ စတင်ကောက်ယူ နိုင်ပါတယ်။ ကုလားအော်ငရုတ်သီးကို ကိုယ်တိုင်မျိုးယူကြပြီး ကေဝက်ကို စိုက်ပျိုးစရိတ် တစ်သိန်းခန့်သာ ကုန်ကျပြီး ကုန်ကျစရိတ်နည်းကာ အမြတ်များများရရှိတဲ့အတွက် အရင်နှစ်တွေထက် ပို၍စိုက်ပျိုးခဲ့ကြပါတယ်။ ဇွန်လမှာ ကုလားအော်ငရုတ်သီး တစ်ပြည် ငွေကျပ် ၁၃ဝဝ အထိ ဈေးနှုန်း ကျဆင်းသွားခဲ့ပါတယ်။ အခု တစ်ပြည်ကို ငွေကျပ် ၂၅ဝဝ အထိ ပြန်လည်မြင့်တက်လာပြီး ကေဝက်စိုက် တစ်ခါကောက်လျှင် ပြည် ၅ဝဝ ခန့်ရရှိကာ အထွက်နှုန်းလည်း ကောင်းလာတော့ အမြတ်ငွေများ တိုးပွားလာပါတယ်"ဟု ကျိုင်းခွင်ကျေးရွာမှ ငရုတ်စိုက်တောင်သူက ပြောသည်။

"အခုမှ ငရုတ်သီးက အဝယ်လိုက်တာပါ။ ကျွန်မက ဝန်းသိုဘက်ကလာတဲ့ ဈေးသည်တွေဆီက ငရုတ်သီး တစ်ပြည်ကို ငွေကျပ် ၂၅ဝဝ နဲ့ ကောက်ယူပြီး ကောလင်းဈေးနဲ့ မန္တလေး၊ မုံရွာ၊ မြစ်ကြီးနား၊ ဖားကန့်အထိ ကားတွေနဲ့ တင်ပို့ရောင်းချနေတာပါ"ဟု တစ်ဆင့်ပြန်လည် ရောင်းချသူ မကြူကြူသင်းက ပြောသည်။

အဆိုပါ ကျေးရွာများတွင် သီးနှံတစ်မျိုးကို ကေဝက်ခန့်သာ စိုက်ပျိုးကြပြီး သီးနှံတစ်မျိုးဈေးမကောင်းပါက အခြားသီးနှံတစ်မျိုးကို အစားထိုးခြင်းအလို့ငှာ ကေနည်းနည်းဖြင့် သီးနှံမျိုးစုံစိုက်ပျိုးကြကြောင်းသိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



# တိုင်းဒေသကြီးနှင့်မြို့နယ်များ၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေး

**နတ်မောက်**
မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ နတ်မောက်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နတ်မောက်မြို့နယ် ပိတော်ငုတ်ကျေးရွာသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိစေရန်အတွက် ဇူလိုင် ၆ ရက်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးသည်။

အဆိုပါကျေးရွာရှိ အသက် ၁ဝ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၂ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး၊ လဲလှယ် အမျိုးသမီးတစ်ဦး၊ မိတ္တူ အမျိုးသား နှစ်ဦးတို့အား အထောက်အထားများစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားအခမဲ့ပြုလုပ်ပေးပြီး အိမ်ထောင်စုလူဦးရေစာရင်းအသစ်ပြုလုပ်သူ မိသားစုသုံးစုအတွက် စာရင်းများရယူပေးကြောင်း သိရသည်။ **(အောက်ပုံ)**

**သင်းသင်းမြတ်(ပြန်/ဆက်)**



**ပွင့်ဖြူ**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်တင့်၏ ညွှန်ကြားမှုဖြင့် ဝန်ထမ်းများအဖွဲ့က ပွင့်ဖြူမြို့နယ် ဆည်တော်ကျေးရွာ(အ.ထ.က – ခွဲ)ကျောင်းသို့ ဇူလိုင် ၅ ရက်က သွားရောက်ပြီး ပန်းခင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများကို အသက် ၁ဝ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ လက်ထောက်လဝကမှူး ဦးနန်းဝင်းအောင်နှင့် ဝန်ထမ်းများအဖွဲ့က ပန်းခင်းစီမံချက်ဖြင့် ကျေးရွာအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်ကို အသိပညာပေး ဆွေးနွေးကာ ဆည်တော်ကျေးရွာ (အ.ထ.က – ခွဲ) ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၇၆ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီး ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

**ဝက်လက်**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်ကျော်ခိုင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇူလိုင် ၅ ရက်မှစတင်၍ မြို့မကျောင်းတိုက်အတွင်း နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများကို ဇူလိုင် ၂ ရက်က အမှတ် ၁ ရပ်ကွက် အုဋ္ဌတိုက်ကျောင်းဝင်းအတွင်း ဆောင်ရွက်ပေးပြီး ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာတွင်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စိုးစိုးလှိုင် (ဝက်လက်)**

**မြင်းမူ**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနသည် မြင်းမူမြို့ပေါ်ရပ်ကွက်များအား ပထမဦးစားပေးအစီအစဉ်တစ်ရပ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိစေရန်အတွက် ပန်းခင်းစီမံချက်ဖြင့် ဇူလိုင် ၆ ရက်က မြင်းမူမြို့ အမှတ် (၁)နယ်မြေ အနောက်ပိုင်းရပ်ကွက်ရှိ ယောကျောင်းတိုက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အသက် ၁ဝ နှစ်ပြည့်၊ အသက် ၁၆ နှစ်၊ ၁၈ နှစ်ကြားနှင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားလုံးဝမရှိသေးသူများအား ပြုလုပ်ပေးခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များအပါအဝင် ကျေးရွာအသီးသီးတွင် အသက် ၁၇ နှစ်နှင့်အထက် မှတ်ပုံတင်ပြုလုပ်ရန် လူဦးရေစာရင်းကောက်ယူထားမှုအရ ၄၁၉၂ ဦးရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးထင်လတ်ထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



**ခနုဖြူ**
ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဒု လ.ဝ.ကမှူး ဒေါ်ဥမ္မာကျင်ဦးဆောင်သည့်ဝန်ထမ်းများက ဇူလိုင် ၆ ရက်က အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။**(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ရပ်ကွက်အတွင်းရှိ အသက် ၁၆ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ခနုဖြူမြို့ပေါ်ရှိ ရပ်ကွက်များတွင် ဇူလိုင် ၃ ရက်မှစ၍ ရပ်ကွက်များအလိုက် ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# COVID-19 ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်များအား အထူးအလေးထား ဆောင်ရွက်

**ပဲခူး ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး COVID–19 ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၈/၂၀၂၁) အား Online Zoom Meeting System ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ယခု COVID–19 ရောဂါပိုးသည် အလွန်ကူးစက်မှု မြန်ဆန်ပြီး သေဆုံးမှုနှုန်းလည်း မြင့်မားလျက်ရှိသည်ကို နေ့စဉ်သတင်းတင်ပြချက်များအရ သိရှိနေရကြောင်း၊ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် Mobile Lab စနစ်ကိုအသုံးပြုပြီး ရပ်ကွက်/ကျေးရွာများအထိ စစ်ဆေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒါမှသာ ကျန်းမာရေးအတွက် လိုအပ်ချက်များကို အချိန်မီ သိရှိနိုင်ပြီး ချက်ချင်း ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ COVID–19 ရောဂါပိုးတွေ့ရှိခဲ့သည့် စာသင်ကျောင်းများနှင့် Stay at Home ကြေညာထားသည့် မြို့နယ်များမှ စာသင်ကျောင်းများအား Facility Quarantine များအဖြစ် အသုံးပြုနိုင်ရေး လိုအပ်ချက်များ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ Stay at Home မြို့နယ်များမှအပ ကျန်မြို့နယ်များရှိ အဝေးပြေး မော်တော်ယာဉ် ပြေးဆွဲမှုများ၊ စားသောက်ဆိုင်များနှင့် ဈေးများအား သတ်မှတ်ထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာမှု ရှိ/မရှိ အဖွဲ့စနစ်ဖြင့် စစ်ဆေးဆောင်ရွက်ရန်၊ စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီများ၊ ပြည်သူများအား မိသားစုအသွင်သဏ္ဍာန်ဖြင့် စည်းရုံး၍ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန်၊ ပဲခူးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် COVID–19 ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်း ရုံးအဖွဲ့အား သီးခြားဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်၍ လိုအပ်ချက်များအား အချိန်နှင့် တစ်ပြေးညီ တင်ပြရန်နှင့် လုပ်သင့်လုပ်ထိုက်သည်များကိုလည်း မြန်မြန်ဆန်ဆန် ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။



COVID–19 ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်နေစဉ်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသီဟက COVID–19 ရောဂါ ကူးစက်ပျံ့နှံ့နေမှုနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များက COVID–19 ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်များအပေါ် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ခရိုင်/မြို့နယ် ကျန်းမာရေး ဦးစီးမှူးများက မြို့နယ်အလိုက် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ကျန်းမာရေးနှင့်ပတ်သက်သည့် လိုအပ်ချက်များကိုတင်ပြခဲ့ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသီဟ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး**
**(ပဲခူး)**

## ကြည်ရွာကျေးရွာ၌ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး (Green Growth)အသိပညာပေး သင်တန်းဖွင့်လှစ်

**စဉ့်ကိုင် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး (Green Growth) အသိပညာ ပေးသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ကြည်ရွာကျေးရွာ ဘက်စုံသုံးခန်းမတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး (Green Growth)အသိပညာပေးသင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒေါက်တာ ခင်သန္တာထူးက ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စိုးစိုးက တောင်သူများ မြေဆီလွှာတိုက်စားမှု ကာကွယ်ရန် ကောင်းမွန်သော စိုက်ပျိုးရေး ကျင့်စဉ်များကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝင်းက ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးတို့ကိုလည်းကောင်း အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေး သင်တန်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ကြည်ရွာကျေးရွာမှ မြစိမ်းရောင် ကျေးရွာစီမံကိန်း၊ (VDP)ကျေးရွာစီမံကိန်းတို့မှ ကော်မတီအဖွဲ့ဝင် ၃၀ တက်ရောက်ခဲ့ကြပြီး ကျေးလက်နေပြည်သူများ လူမှုဘဝ တိုးတက်မြင့်မားလာစေရန် သင်တန်းများ ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြင့်ခိုင်ထံက သိရသည်။

**အောင်ပိုင်ပိုင်ကျော်**

## လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေး

**ထားဝယ် ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ဈေးနှုန်း သက်သာစွာသုံးစွဲနိုင်ရေး အတွက် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်က တိုင်းဒေသကြီးတွင် ဈေးနှုန်းချိုသာသော၊ ဈေးနှုန်းသက်သာသော လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရအောင် ဆောင်ရွက်ပေးမည်ဟု ကတိစကားကြားရသည့်အတွက် ဝမ်းသာစွာ ကြိုဆိုပါကြောင်း၊ PTTEPI ကုမ္ပဏီများအနေဖြင့် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြ ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် PTTEPI ကုမ္ပဏီမှ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေး ရှင်းလင်းဆွေးနွေးနေစဉ်။

## ကော့ကရိတ်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးကွင်းဆင်းဆောင်ရွက်

**ကော့ကရိတ် ဇူလိုင် ၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့ပေါ်ရပ်ကွက်၌ မိုးဦးကာလအတွင်း ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုအဖြစ် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ယနေ့ နံနက် ၈ နာရီက အမှတ် (၁)ရပ်ကွက် ရှမ်းပိုင်းရပ်သို့ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကော့ကရိတ်ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်(၁)ဦးစောကပေါ်စေးနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး ယာယီတပ်ခွဲမှူး ဦးအောင်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ကော့ကရိတ်မြို့ အမှတ် (၁) ရပ်ကွက် ရှမ်းပိုင်းရပ်နေအိမ်များရှိ ရေတိုင်ကီ၊ ရေစည်များ၊ ရေအိုးများ၌ ခြင်ပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်ဆေးခြင်းနှင့် ရေလှောင်ကန်များတွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို အိမ်တိုင်ရာရောက် လိုက်လံ၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စောအောင်မျိုးလွင် (ပြန် / ဆက်)**

# မြိတ်၊ ရေးနှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် Sodium Acetate များဖမ်းဆီးရမိ




အောင်မျိုးခိုင်၊ ကောင်းဆက်ဇော် တို့အား သိမ်းဆည်းရမိသည့် Sodium Acetate များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော်  ဇူလိုင် ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် ည ၇ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာရှိ တပ်ဦးကျောင်းလမ်းတွင် မျိုးသီဟထွန်း(ခ)သားကြီး၊ သက်ပိုင်ထွန်း(ခ)သက်ပိုင်နှင့် ရှိုင်းကိုဦး(ခ)ရှိုင်းကို တို့ သုံးဦးကို ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရှာဖွေစဉ် ရှိုင်းကိုဦး(ခ) ရှိုင်းကိုမှာ ထွက်ပြေးသွားပြီး မျိုးသီဟထွန်း(ခ) သားကြီးနှင့် သက်ပိုင်ထွန်း (ခ) သက်ပိုင်တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း၊

အလားတူ ဇူလိုင် ၅ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် ချောင်းတောင်ကျေးရွာအုပ်စု ချောင်းတောင်ကျေးရွာအနီးရှိ ချောင်းတောင်-ကလော့လေးကျေးရွာသွားကားလမ်းတွင် ပလိုင်မွန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကို လည်းကောင်း၊ ထို့အတူ ဇူလိုင် ၄ ရက် ည ၁၀ နာရီ ၃၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ် (၁) ရပ်ကွက် နတ်ရေကန်လမ်းအနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသည့် NISSAN အမျိုးအစား ခြောက်ဘီးယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်မောင်း အောင်မျိုးခိုင်နှင့် ယာဉ်နောက်လိုက် ကောင်းဆက်ဇော်တို့အား တွေ့ရှိရပြီး Sodium Acetate ကီလို ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မိန်းကလေးတစ်ဦး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော်  ဇူလိုင် ၆**

မိန်းကလေးတစ်ဦး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စာဂ ၁၆ လမ်းနေ ရဲဇော်ထက်(ခ)ကိုရဲ(မိ)၊ လှိုင်သာယာမြို့နယ်နေ မခင်လေး (တိမ်းရှောင်)နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွားကုန်းရပ်ကွက်နေ မအေးအေးဝင်း(ခ)မြတ်နိုး(ခ) အေးအေးမာ(ခ) မွန်မွန်မြတ်(မိ)တို့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်နေ မ---- (၂၁ နှစ်)အား တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုကို မူဆယ်မြို့မရဲစခန်း (ပ)၇၃၀/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၃၀ ရက်တွင် တရားခံ ရဲဇော်ထက်(ခ)ကိုရဲနှင့် မအေးအေးဝင်း (ခ)မြတ်နိုး (ခ) အေးအေးမာ(ခ)မွန်မွန်မြတ်တို့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံအား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇူလိုင် ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၈၅ စီး၊ သွင်းကုန် ၉၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန်အစီးရေ၂၇၀ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၀၂ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော Rice Cooker ၁၀ လုံး၊ Electric Kettle အလုံး ၂၀၊ Cold Fan ၁၀ လုံးနှင့် အဝတ်အထည်မျိုးစုံ နှစ်ထုပ် ၁၅ Kg အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော်  ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် အမှတ် (၃၁၆/၄) နှင့် (၃၁၆/၅) အကြား တွင် ဇူလိုင် ၅ ရက် ညနေပိုင်းက နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော Light Truck အဖြူရောင်ယာဉ်သည် နောက်တန်းလေးပင် ပြုတ်ထွက်၍ လမ်းအရှေ့ဘက် မြေသားလမ်းတွင် ကာရံထားသော GUART RAIL တန်းများအား တိုက်မိမှုဖြစ်ပွားရာ ပြင်စည်အမြန်လမ်း မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား ၁၀ ဦးအနက် အမျိုးသား ငါးဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယာဉ်မောင်း ဦးအောင်အောင်အား ပြင်စည် အမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်မျိုး**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**“မိုးရာသီကာလအတွင်း အဖြစ်များသည့် ရာသီတုပ်ကွေးရောဂါ မိမိကစ၍ကာကွယ်ပါ”**

ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါပိုးရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ပါသည်။

**ရာသီတုပ်ကွေးရောဂါ၏လက္ခဏာများမှာ**- ဖျားခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစားအသောက်ပျက်ခြင်းတို့ ဖြစ်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့် နှာခေါင်းကို လုံအောင်အုပ်ပါ။
- နှာချေ၊ ချောင်းဆိုးပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း လက်ကို ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ (သို့မဟုတ်) အယ်ကိုဟောလ်အနည်းဆုံး (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ယခုအချိန်ကာလသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားချိန်လည်းဖြစ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်သည့် အိမ်အပြင်ထွက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို စနစ်တကျဆေးခြင်း၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေထိုင်ခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ အလုံပိတ်အခန်းများ/ လေဝင်လေထွက် မကောင်းသည့်အခန်းများအား ရှောင်ကြဉ်ခြင်းတို့သည် ရာသီတုပ်ကွေးရောဂါကိုလည်း ထိရောက်စွာကာကွယ်နိုင်ပါသည်။
- လုံလောက်စွာအနားယူပြီး အာဟာရပြည့်ဝသည့် အစားအစာများစားသုံးပါ၊ အိပ်ရေးဝအောင် အိပ်ပါ။
- ရာသီတုပ်ကွေးရောဂါကို ပြင်းထန်စွာခံစားရနိုင်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ရောဂါကူးစက်မှုခံရနိုင်ခြေ များပြားသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် နှစ်စဉ်ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ခံယူပါ။

**ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးဌာနများတွင် စောစီးစွာကုသမှုခံယူပါ။**

## “သပြေ-ရေဒီယို” ရေဒီယိုအစီအစဉ်အသစ် ဇူလိုင် ၁၁ ရက်မှ စတင်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၆**

“သပြေ-ရေဒီယို” ရေဒီယိုအစီအစဉ်အသစ်ကို မြန်မာနိုင်ငံအလယ်ပိုင်းတွင် MW 711 KHz နှင့် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် FM 99.6 MHz တို့ဖြင့် ဇူလိုင်လ ၁၁ရက်မှ စတင်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ရေဒီယိုအစီအစဉ်တွင် သတင်းတု၊ သတင်းမှားများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည့် သတင်းမှန် ပြန်ကြားခြင်းကဏ္ဍ၊ သတင်းဆောင်းပါးအစီအစဉ်နှင့် ဆွေးနွေးခန်းများ၊ သပြေတို့အရွယ် လူငယ်ကဏ္ဍ၊ မှတ်သားဖွယ်ရာ သုတကမ္ဘာ၊ မေးစရာ အတွေးကမ္ဘာ၊ သိလိုရာမေးကျန်းမာရေး၊ မြန်မာပြည်အလှ ရှုမဝ၊ အလိမ္မာ စာမှာရှိ၊ သူ့အမြင် သူ့အတွေးကဏ္ဍ၊ သပြေရေဒီယို တေးချိုချို၊ ရွှင်မြူးဟစ်ကြွေး ခေတ်ပေါ် တေးများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးသီချင်းများ စသည့် ကဏ္ဍမျိုးစုံဖြင့် နေ့စဉ်နံနက် ၇ နာရီမှနေ့လယ် ၁၂ နာရီအထိနှင့် ညနေ ၄ နာရီမှ ည ၉ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားက စီစဉ်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ကျိုင်းတုံမြို့နယ် ဝမ်မောက်ကျေးရွာမှ အိမ်ထောင်စုဝင်များအား ဒေသန္တား မျိုးကောင်းမျိုးသန့် ၁၀ ကောင် ထောက်ပံ့ပေးအပ်



**ကျိုင်းတုံ ဇူလိုင် ၆**

ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ထောက်ပံ့ပေးသည့် ဒေသန္တား မျိုးကောင်း မျိုးသန့် ၁၀ ကောင် ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ကျိုင်းတုံခရိုင်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ မျိုးနိုင်က ဒေသတွင်း မျိုးကောင်းမျိုးသန့် နွားများ တိုးပွားရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဝမ်မောက်ကျေးရွာမှ မွေးမြူရေးစိတ်ဝင်စားသည့် အိမ်ထောင်စု ၁၀ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ဒေသန္တား နွားပြာစိမ်း အမ တစ်ကောင်စီ ထောက်ပံ့ပေးအပ်ပြီး ဒေသန္တားလက်ခံရရှိမှုမှတ်တမ်းနှင့် စာချုပ်များ လွှဲပြောင်းပေးအပ်သည်။

ဒေသန္တား မွေးမြူခွင့်ရရှိသူများသည် စာချုပ်ပါအတိုင်း ၃ နှစ်ပြည့်ပြီးပါက အဆိုပါကျေးရွာမှ နွားမွေးမြူလိုသည့်သူများကို မူလနွား အရွယ်အစားအတိုင်း ဆက်လက်ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်မှ ခရီးစဉ်ဒေသတစ်ခုဖြစ်လာမည့် သက်စိုးတောင်ပေါ်က ကျောက်ရေကန်

**ညောင်ဦး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုဇုန်သည် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ လေ့လာမှတ်သား၍ မကုန်နိုင်လောက်အောင် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းကန်၊ သာသနိကအဆောက်အအုံ အလွန်ပေါများသည့် မြို့နယ်ဖြစ်ပြီး ယခုအခါ ညောင်ဦးမြို့နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံ ရုံးခွဲက သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်အား ခရီးစဉ် ဒေသတစ်ခုဖြစ်ပေါ်စေရန်နှင့် ထူးခြားပြီး တောင်ပေါ်တွင် ဆည်ခဲ့သော လေးဖက်လေးတန်ကျောက်သားများဖြင့် ရေကန်သို့ မြန်မာပြည်အရပ်ရပ်မှ ခရီးသွား ဘုရားဖူးပြည်သူများ၊ သမိုင်းလေ့လာလိုသူများ၊ ကျောက်ရေကန်အား ကိုယ်တွေ့လက်တွေ့ လေ့လာကြည့်ရှုလိုသူများအာ သက်စိုးတောင်ပေါ် တက်ရောက်လေ့လာနိုင်တော့မည်။

အဆိုပါ ကျောက်ရေကန်သည် တုရင်တောင်စွယ်တော်မြတ်စေတီ၏ တောင်ဘက်တွင်တည်ရှိပြီး ကျောက်ရေကန်ရှိရာတောင်ကို သက်စိုးတောင်ဟုခေါ်ဆိုပြီး သက်စိုးတောင်ကို တက်သည့်လမ်းနှစ်သွယ်ရှိသည်။ တုရင်တောင်စွယ်တော်ဘုရားကနေသွားလို့ရသလို တုရင်တောင်ဘုန်းတော်ကြီးကျောင်းလမ်းမှလည်း သွားလို့ရသည်။ တုရင်တောင်ဘုန်းတော်ကြီးကျောင်းလမ်းမှ သွားမည်ဆိုလျှင် ကား၊ ဆိုင်ကယ်များကို ဘုန်းကြီးကျောင်း၊ တောင်တက်လမ်းတစ်ဝက်ရှိ မြစ်ရေတင်ရေအုတ်ကန်ကြီးနား ထား၍ရပြီး လမ်းညွှန်ဆိုင်းဘုတ်အတိုင်း တက်မည်ဆိုလျှင် ၂၅ မိနစ်ခန့်တက်၍ ကျောက်ရေကန်သို့ ရောက်ရှိသည်။

သက်စိုးတောင်ကို အချို့သမိုင်းပညာရှင်တွေက သက်လူမျိုးများနေထိုင်ရာတောင်လို့ခေါ်ရသလို၊ ပျူစောထီးမင်း ရှူးပျံကြီးကို ရင်ဆိုင်နှိမ်နင်းရာအရပ်လို့လည်းဆိုကြကြောင်း သိရသည်။ သက်စိုးတောင်ထိပ်သည် ပုဂံမင်းနေပြည်တော်ကြီးကို အရပ်လေးမျက်နှာမှနေပြီး ချီတက်လာမည့်ရန်သူတွေကို ကင်းစောင့်ကြည့်ရှုသည့် စစ်ရေးအရအရေးပါသည့်ကင်းစခန်းတစ်ခုလို့လည်းမှတ်ယူကြကြောင်း သိရသည်။ သမိုင်းကြောင်းအခြေခံအရ အလောင်းစည်သူမင်းကြီး အရွယ်မအိုသေးကြောင်း အစွမ်းပြရာ ဦးပေါင်းကျားနှင့်မြင်းကျားရှင် မြင်းစီးလက်ရုံးရည်နှလုံးရည်ပြသသည့်နေရာအနီးတွင်လည်း ကျောက်ရေကန်ရှိလေသည်။ သက်စိုးတောင်ပေါ်မှ ပုဂံရှေးဟောင်း ယဉ်ကျေးမှု အငွေ့အသက်အပြည့်ဖြင့် လွမ်းမောဖွယ်ကြည့်ရှုခံစားနိုင်မည့် ဘေးပတ်လည် ထန်းတောများ၊ တောင်စဉ်တောင်တန်းများ၊ တုရင်တောင်စွယ်တော်မြတ်ကို ပုဂံ-ညောင်ဦး နောက်ခံနှင့်သက်စိုးတောင်မှမြင်ရသည့် မြင်ကွင်း၊ ရာဇဝင်ထဲက မြကန်အား အပေါ်စီးက ကြည့်ရှုခံစားနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။



ညောင်ဦးမြို့နယ်ရှိ သက်စိုးတောင်ပေါ်က ကျောက်ရေကန်ကို တွေ့ရစဉ်

အောက်ခံမြေက ကျောက်သားများဖြစ်ပြီး ကျောက်ရေကန်သို့ သွားရာလမ်းတစ်လျှောက်မှာ ချိုးငှက်၊ ငှက်ခါး၊ သိန်းငှက်၊ ယုန်၊ ချေတို့တွေ့ရှိနိုင်ပြီး ကျေးငှက်မျိုးစုံတို့၏ အော်မြည်သံကိုလည်းခံစားနိုင်သည်။ ကျောက်ရေကန်၏ အလျား ပေ၈၀ ၊ အနံပေ ၈၀ နှင့် အနက်ပေ ၃၀ ရှိတဲ့ ကျောက်ရေကန်ကြီးထဲသို့ ဆင်းလိုက်တာနှင့် အလွန်ထူးဆန်းသော နံရံပတ်လည်မှာ ဝင်္ကပါပုံစံ၊ QR CODE အမှတ်အသားခပ်ဆင်ဆင်တစ်ခုရှိပြီး ဟင်္သာရုပ်၊ မြွေနဂါးရုပ်နှင့် မိကျောင်းရုပ်တို့ကိုလည်း ကျောက်ရေကန်ရှိ ကျောက်သားနံရံတွင် ထွင်းထုရေးဆွဲထားသည်။ ကျောက်ရေကန်ထဲရောက်ရှိသည်နှင့် ကျောက်ခေတ်ထဲ ပြန်ရောက်နေရသလို ခံစားရမည်ဖြစ်ပြီး ပုဂံခေတ်က ဒီရေကန်ကြီးဟာ ရေလှောင်ရာ၊ ရေသန့်ရာနေရာတစ်ခုအဖြစ် ရေပေးဝေရာနေရာတစ်ခုအဖြစ် ပညာရှင်များက မှတ်ယူထားကြောင်းလည်း သိရသည်။

ကျောက်ရေကန်ပတ်လည်က တောင်ကုန်းလေးတွေမှာလည်း မိကျောင်းကန်ဂူဘုရား၊ ဦးပေါင်းဘုရား၊ ပေါ်တော်မူဘုရား၊ ကျောက်စည်အိုးနှင့်အနည်းငယ်ကျိုးပြတ်နေသော ရှေးဟောင်းကျောက်ဆင်းတုဘုရားများကိုလည်း ဖူးမြော်နိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပေသည်။ တုရင်တောင်၊ သက်စိုးတောင်တို့၏ ညနေဆည်းဆာကြည့်ရှုခံစားနိုင်မည့် တောင်ပေါ်မှ နေဝင်ဆည်းဆာမြင်ရမည့် လွမ်းမောဖွယ် အညာထန်းတောများ၊ တန့်ကြည်တောင်နေဝင်ဆည်းဆာအလှနှင့်ရောဝတီမြစ်၊ ပုဂံ-ညောင်ဦးမြို့နယ် ရှေးဟောင်းဇုန်ကို အပေါ်စီးမှခြုံငုံကြည့်ရှုမှုကို တစ်နေရာတည်းမှမြင်တွေ့ရမည့် နေရာတစ်ခုဖြစ်ကြောင်း သိရပေသည်။

**မောင်မောင်ထိန်၊**
**ကျောက်ပန်းတောင်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း
(၂၅) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၀၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၃၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ ဇွန်လ အလှူရှင်စာရင်း

၅၇၇။ ဦးဝင်းရှိန်နှင့်မိသားစု နေပြည်တော် ၂၀၀၀၀၀၀
ပြည်ထောင်စုဝန်ကြီး(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)
၅၇၈။ ဗိုလ်အောင်ဒင်အားရည်စူး၍ ရန်ကုန်မြို့ ၆၀၀၀၀၀
ဒုတိယဗိုလ်မှူးကြီးကံသိန်း(ငြိမ်း)မိသားစုနှင့်
ဒုတိယဗိုလ်မှူးကြီးဘကြည်(ငြိမ်း)မိသားစု
၅၇၉။ Indoor Skydiving ရန်ကုန်မြို့ ၈၀၀၀၀
မှဝန်ထမ်းများ(မစက)
၅၈၀။ ဒေါက်တာဇော်မြင့်နှင့်မိသားစု နေပြည်တော် ၃၀၀၀၀၀
ဒုတိယဝန်ကြီး(ပညာရေးဝန်ကြီးဌာန)
၅၈၁။ ဖခင် ဦးထွန်းမြိုင်အားရည်စူး၍ ကျိုက်ထိုမြို့ ၂၅၀၇၀၀
ဒေါ်သန်းမြမိသားစု
၅၈၂။ ဦးစိုးဦးနှင့်မိသားစု နေပြည်တော် ၂၀၀၀၀၀
အဖွဲ့ဝင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
၅၈၃။ အပါတ်စဉ်(၂)စစ်သူနာပြု ရန်ကုန်မြို့ ၃၀၀၀၀၀၀
အရာရှိများ၏ ၁၃-၆-၂၀၂၁ ရက်နေ့တွင်ကျရောက်သည့်(၆၁)နှစ်မြောက်
နှစ်ပတ်လည်အလှူငွေ
၅၈၄။ ဒေါ်ခင်ပု၊ ဒေါ်မြင့်မြင့်ဝင်း မိတ္ထီလာမြို့ ၁၀၀၀၀၀
၅၈၅။ ဒေါ်ကြင်ဆွိ ရန်ကုန်မြို့ ၁၀၀၀၀၀၀
၅၈၆။ Star Mart Nine Mile Showroom ရန်ကုန်မြို့ ၇၁၀၀၀
မှဝန်ထမ်းများ(မစက)
၅၈၇။ ဦးမျိုးမြင့်+ဒေါ်အောင်မြ မန္တလေးမြို့ ၃၀၀၀၀၀
၅၈၈။ ဒေါ်ကြူကြူဝင်း နေပြည်တော် ၃၆၀၀၀၀
(အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)
(ကွန်ကရစ်(၈)လက်မထု(၁)ကျင်း လှူဒါန်း)

၅၈၉။ ဒေါက်တာပွင့်ဆန်းနှင့်မိသားစု နေပြည်တော် ၁၀၀၀၀၀၀
ပြည်ထောင်စုဝန်ကြီး(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
၅၉၀။ ဦးတိုင်းရ+ဒေါ်လှမြိုင်မိသားစု ထားဝယ်မြို့ ၁၅၀၀၀၀
၅၉၁။ ဦးအောင်ဝင်း ပျော်ဘွယ်မြို့ ၁၁၀၀၀၀
၅၉၂။ ဦးသိန်းငွေး ကျိုင်းတုံမြို့ ၃၀၀၀၀၀
၅၉၃။ မာဘယ်စက်ရုံမှဝန်ထမ်းများ(မစက) မန္တလေးမြို့ ၁၀၀၀၀၀
၅၉၄။ ဒေါ်အေးအေးကြည်(အင်းဝဘဏ်) နေပြည်တော် ၁၂၀၀၀၀
၅၉၅။ စည်သွတ်စက်ရုံမှဝန်ထမ်းများ(မစက) မန္တလေးမြို့ ၃၅၈၅၀၀
၅၉၆။ ဦးခင်ငွေ+ဒေါ်အေးအေးမင်းမိသားစု နေပြည်တော် ၅၀၀၀၀
(အင်းဝဘဏ်)
၅၉၇။ ဒေါ်ရီရီလွင် တပ်ကုန်းမြို့ ၁၀၀၀၀၀
၅၉၈။ ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ရန်ကုန်မြို့ ၅၀၀၀၀၀၀
မှဝန်ထမ်းများ(မစက)
၅၉၉။ ဦးသိန်းဝေ(ခ)ဦးသိန်းလှိုင်မိသားစု မန္တလေးမြို့ ၃၀၀၀၀
၆၀၀။ ဒေါ်နုမြဇံနှင့်မိသားစု နေပြည်တော် ၂၀၀၀၀၀
အဖွဲ့ဝင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
၆၀၁။ ဦးအောင်ရှိန်+ဒေါ်အေးအေးသွယ် ရန်ကုန်မြို့ ၅၀၀၀၀၀၀
မိသားစု (အဝင်မုခ်ဦး ပထမအကြိမ်လှူဒါန်း)
၆၀၂။ ဗိုလ်မှူးသက်ဇော်နိုင် ဘားအံမြို့ ၁၁၀၀၀၀
၆၀၃။ ဦးခင်လှိုင်+ဒေါ်ခင်ဝေ ရန်ကုန်မြို့ ၁၀၀၀၀၀
၆၀၄။ ဦးထင်ကျော်+ဒေါ်လှလှတူး နေပြည်တော် ၄၁၀၀၀၀
(အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)
(မဟာရံတံတိုင်း အင်္ဂတေမြန်မာမှု(၁)ကျင်းလှူဒါန်း)

၆၀၅။ ဒေါက်တာကံဇော်နှင့်မိသားစု နေပြည်တော် ၁၀၀၀၀၀၀
ပြည်ထောင်စုစာရင်းစစ်ချုပ်(ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)
၆၀၆။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးမြို့ ၁၀၀၀၀၀၀၀
နှင့် ကွပ်ကဲမှုအောက်တပ်ရင်းဌာနများရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်
မိသားစုများ
၆၀၇။ ဦးမောင်မောင်ဝင်းနှင့်မိသားစု နေပြည်တော် ၁၀၀၀၀၀၀
ဒုတိယဝန်ကြီး(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)
၆၀၈။ ဦးအောင်မြင့်+ဒေါ်လှသိန်း ရန်ကုန်မြို့ ၂၀၀၀၀၀
၆၀၉။ ဗိုလ်ကြီးစိုးကြည်(ငြိမ်း)+ ရန်ကုန်မြို့ ၁၀၀၀၀၀
ဒေါက်တာခင်မျိုးဝင်း
၆၁၀။ Mandalay Wholesale မန္တလေးမြို့ ၅၀၀၀၀
မှဝန်ထမ်းများ(မစက)
၆၁၁။ ဦးမျိုးမြင့်ဦး နေပြည်တော် ၁၂၀၀၀၀
၆၁၂။ ဗိုလ်ချုပ်တင်ထွဋ်(ငြိမ်း)+ နေပြည်တော် ၁၅၀၀၀၀၀
ဒေါ်တင်တင်ညွန့်မိသားစု
၆၁၃။ ဦးထင်ပေါ်+ဒေါ်စိုးစိုးအောင်မိသားစု ရန်ကုန်မြို့ ၁၀၀၀၀၀
၆၁၄။ ဒေါ်ကြင်နု၊ ဒေါ်ခင်မြင့် ပျော်ဘွယ်မြို့ ၅၀၀၀
၆၁၅။ တပ်ကြပ်ကြီးမျိုးနိုင်+ဒေါ်တင်ပပ တောင်ငူမြို့ ၁၀၀၀၀၀
၆၁၆။ ဦးဖြိုးမြင့်ကျော် နေပြည်တော် ၂၀၀၀၀၀
၆၁၇။ အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင် ၇၀၀၀၀၀
မှတ်တမ်းဌာနမှအရာရှိ၊ စစ်သည်မိသားစုများ
(မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း)

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလာတက္ကသိုလ်
## ၂၀၂၁-၂၀၂၂ပညာသင်နှစ် BTHM သင်တန်းအတွက်
## ပထမနှစ်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလာတက္ကသိုလ်တွင် အောက်ဖော်ပြပါသင်တန်းအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့်ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | Bachelor of Tourism and Hospitality Management | BTHM | (၄)နှစ် | (၂၅၀)ဦး | အချိန်ပြည့် |

၂။ အဆိုပါသင်တန်းအတွက် ၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူများသာ လျှောက်ထားနိုင်ပြီး အင်္ဂလိပ်စာဘာသာရပ်၌ အနည်းဆုံးအမှတ် (၆၀)ရရှိထားပြီး စုစုပေါင်းအမှတ်(၄၀၀)နှင့်အထက် ရရှိသူများဖြစ်ရမည်။ သတ်မှတ်လျှောက်လွှာပုံစံအား မန္တလာတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင်လည်းကောင်း၊ https://www.mdl.edu.mm/wp-content/uploads/2019/06/BTHM.pdf မှလည်းကောင်း ထုတ်ယူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၂၀၂၁ခုနှစ် ဒီဇင်ဘာလ
၄။ **လျှောက်လွှာစတင်ထုတ်ပေးမည့်နေရာ** - ကျောင်းသားရေးရာဌာန၊ မန္တလာတက္ကသိုလ်
၅။ **လျှောက်လွှာစတင်ထုတ်ပေးမည့်ရက်** - ၂-၈-၂၀၂၁
၆။ **လျှောက်လွှာစတင်တင်သွင်းရမည့်ရက်** - ၂-၈-၂၀၂၁
၇။ လျှောက်လွှာပိတ်ရက် - ၃၀-၈-၂၀၂၁
၈။ **ဝင်ခွင့်ရရှိသူများစာရင်းကြေညာမည့်ရက်** - ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ
၉။ **ကျောင်းဝင်မှတ်ပုံတင်ရမည့်ရက်** - ၂၀၂၁ခုနှစ် ဒီဇင်ဘာလ
၁၀။ အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်သည်။
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၂၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။
(ဂ) အခြားတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပညာသင်ကြားနေသူမဖြစ်ရ။
(ဃ) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများကို ပူးတွဲတင်ပြရမည်-
(၁) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင်ရရှိသော ရမှတ်စာရင်းမူရင်း
(၂) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)
(၃) လိုင်စင်ဓာတ်ပုံ(၂)ပုံ(ပူးတွဲ)

၁၁။ ဝင်ခွင့်ရရှိသူများစာရင်းကို မန္တလာတက္ကသိုလ်၌ ကြေညာထားပါမည်။ ဝင်ခွင့်ရရှိသူများသည် ကျောင်းလာရောက်အပ်နှံသည့်အခါ ကျောင်းသားနှင့် မိဘနှစ်ပါး၏ နိုင်ငံ သားစိစစ်ရေးကတ်ပြား မူရင်းများကို မပျက်မကွက်(မပျက်မကွက်) ယူဆောင်လာရမည်။

၁၂။ အသေးစိတ်သိရှိလိုပါက မန္တလာတက္ကသိုလ်ကျောင်းသားရေးရာဌာန ဖုန်း ၀၉-၄၀၂၅၃၉၅၃၂၊ ၀၉-၄၀၂၆၈၁၆၂၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ခင်မြင့်ဝင်း**
**ဌာနမှူး(သင်တန်းရေးရာ)**
**မန္တလာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

